ကြေးမုံ
The Mirror Daily
၁၉၅၇ ပြေီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

ပညာရှိသူနှင့် ပညာမရှိသောသူ

စည်းစိမ်ဥစ္စာတို့သည် ပညာမရှိသောသူကို ဖျက်ဆီးတတ်ကုန်၏။ သံသရာ၏ ထိုမှာဘက်ကမ်း (နိဗ္ဗာန်)ကို ရှာကုန်သော ပညာရှိတို့ကိုကား မဖျက်ဆီးတတ်ကုန်၊ ပညာမရှိသောသူသည် စည်းစိမ်ဥစ္စာကို တပ်မက်သဖြင့် သူတစ်ပါးတို့ကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကို ဖျက်ဆီးတတ်၏။

တဏှာဝဂ် (ဓမ္မပဒ-၃၅၅)

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်၊ အင်္ဂါနေ့။ Tuesday, 24 October 2023 ၁၁၂၅၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၃

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ညနေပိုင်းတွင် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2)၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၊ လေ့ကျင့်ရေးဇာတ်ရုံ၊ အမျိုးသားပြတိုက်၊ အမျိုးသားစာကြည့်တိုက်များသို့ သွားရောက်၍ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌

စာမျက်နှာ ၃ ကော်လံ ၃ သို့ ❂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်အဖြစ် ပါဝင်ဆောင်ရွက်ကြမည့် ဝါရင့်အနုပညာရှင်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ယနေ့ ဖတ်စရာ

ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှု ရက်သတ္တပတ် အခမ်းအနားကျင်းပ
စာမျက်နှာ » ၅

မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေ သက်သေထူကာ ဖော်ထုတ်ပြသ၍ . . .
ဆောင်းပါး
စာမျက်နှာ » ၆

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ တည်းခိုခန်းနှင့်ဟိုတယ်များ အခန်းပြည့်လုနီးပါး ကြိုတင်မှာယူထား
စာမျက်နှာ » ၁၇

ကြေးမုံ

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ဖော်ထုတ်

မြန်မာနိုင်ငံသည် အမျိုးသားယဉ်ကျေးမှုအစဉ်အလာကြီးမားသည့် နိုင်ငံဖြစ်သည်ကို မျက်မှောက်ကာလထိတိုင် ရှင်သန်နေဆဲဖြစ်သည့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ဝတ်စားဆင်ယင် ပြုမူနေထိုင်မှုများက သက်သေပြနေသည်။ မျက်မှောက်ကမ္ဘာတွင် နည်းပညာနှင့် ခေတ်ပေါ်ယဉ်ကျေးမှုများ အရှိန်အဟုန်ဖြင့် ပြောင်းလဲဖြစ်ပေါ်တိုးတက်ဖြစ်ထွန်းနေသော်လည်း ရှေးရိုးအစဉ်အလာယဉ်ကျေးမှုဓလေ့စရိုက်များကို မပစ်ပယ်ဘဲ စွဲမြဲလက်ခံနေဆဲ၊ တန်ဖိုးထားနေဆဲနိုင်ငံမှာ မြန်မာတစ်နိုင်ငံတည်းသာဟု ဂုဏ်ပြုဆိုချင်ပါသည်။

အဟောင်းဖြစ်သော်လည်း မပစ်ပယ်နိုင်သောအရာများမှာ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများဖြစ်ပါသည်။ လောက၌ အဟောင်းအဟောင်းတို့၏နေရာတွင် အသစ်အသစ်တို့က အစားထိုးဝင်ရောက်နေရာယူလာလေ့ရှိသော်လည်း အဟောင်းတို့ကို မပစ်ပယ်ဘဲ တန်ဖိုးထားနိုင်သည်မှာ မြန်မာ့အနုသုခုမပညာ၏တန်ဖိုးဖြစ်သည်။ မြန်မာတို့၏ ဘိုးဘွားဘီဘင်များ အမွေအနှစ်အဖြစ် ချန်ထားရစ်ခဲ့သည့် ဂန္ထဝင်တေးသီချင်းများသည် မရိုးနိုင်သည့် ဂုဏ်ထူးဝိသေသနှင့် အနှစ်သာရများရှိနေသည်။ ခေတ်ဟောင်းအဆို၊ အကများသည်လည်း မျက်မှောက်ကာလ လူမှုကွန်ရက်များပေါ်၌ အသက်ဝင်လှုပ်ရှားလျက်ရှိကာ အများပြည်သူတို့ စိတ်ဝင်စားအားပေးနေဆဲဖြစ်သည်။

တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်ကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ယနေ့ထက်တိုင်အောင် အစွန့်ရှည်တည်တံ့ခိုင်မြဲနေစေသော အချက်များတွင် မြန်မာတို့သည် ရိုးရာယဉ်ကျေးမှုအစဉ်အလာများကို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်နေကြခြင်း အကြောင်းတစ်ချက်လည်းပါဝင်သည်။ ထို့ကြောင့် နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်။ အမျိုးသားယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ခိုင်မာရေးနှင့် စောင့်ရှောက်ထိန်းသိမ်းရေးအတွက် ကူညီဆောင်ရွက်မည်။ လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်ရမည်။ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း စသည့်အချက်များကို (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယဉ်ကျေးမှုသည် နိုင်ငံတစ်နိုင်ငံ၏ မြင့်မားမှုအဆင့်အတန်းတစ်ခုကို ညွှန်းဆိုပြနေသလို ယဉ်ကျေးမှုအမွေအနှစ်များမရှိပါက အနှစ်သာရမဲ့သည့်လူမျိုးဖြစ်နေမည်။ စာပေယဉ်ကျေးမှုထွန်းကားသောလူမျိုးများသည် ကမ္ဘာပေါ်တွင် တင့်တောင့်တင့်တယ်နေထိုင်နိုင်သောလူမျိုးအဖြစ် ရပ်တည်နေသည်ကို တွေ့မြင်ကြရသည်။ ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများသည်လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများသည်လည်းကောင်း ၎င်းတို့နိုင်ငံ၏စာပေယဉ်ကျေးမှုများ ထွန်းကားစည်ပင်နေစေရန်အတွက် အစဉ်ကြိုးပမ်းဆောင်ရွက်နေကြသည်။ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသောနိုင်ငံအဖြစ် ဂုဏ်ယူနေကြသည်။

မြန်မာနိုင်ငံတွင် နိုင်ငံ့ဂုဏ်မြင့်မားစေရန်အတွက် ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို နိုင်ငံတော်အစိုးရက အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် မြန်မာ့အနုသုခုမပညာရပ်များ မတိမ်ကောအောင်၊ ထွန်းကားပြန့်ပွားအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် တစ်ခုတည်းသောဆောင်ရွက်ချက်တစ်ခုမှာ နိုင်ငံတစ်ဝန်းလုံး ပါဝင်ဆင်နွှဲသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို နှစ်စဉ်ကျင်းပပေးနေခြင်းဖြစ်သည်။ ၁၉၉၃ ခုနှစ်မှ စတင်ကျင်းပခဲ့သည့်ပြိုင်ပွဲကြီးသည် ယနေ့အချိန်အခါတွင် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးအဖြစ် နေပြည်တော်၌ ခမ်းနားထည်ဝါဂုဏ်ယူဖွယ်ရာ ကျင်းပနေပြီဖြစ်သည်။

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊ မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားစေရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေးဟူသည့် ဦးတည်ချက်များနှင့်အညီ အနှစ်သာရရှိရှိကျင်းပနေသည်။

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရှိ ဘိုးဘွားဘီဘင်များ လက်ဆင့်ကမ်းအမွေပေးခဲ့သည့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့် အနုသုခုမပညာရပ်များကို မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများမှတစ်ဆင့် ဖော်ထုတ်မြှင့်တင်ပေးပြီး မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် ယဉ်ကျေးမှုအမွေအနှစ်များ မြင့်မားတိုးတက်လာအောင် ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊
၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊
၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာချစ်စိန်ကို မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ စီးပွားရေးရာဌာနကြီးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်လှိုင်မိုးကို ယင်းဌာနကြီး၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

မြေပုံမြို့နယ်၌ GW-11 စပါးများ စိုက်ပျိုးထားရှိမှု ကွင်းဆင်းစစ်ဆေး

မြေပုံ အောက်တိုဘာ ၂၃

ရခိုင်ပြည်နယ် မြေပုံမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ပံ့ပိုးငွေဖြင့် မိုးစပါးစိုက်ပျိုးမှု အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဒဂုံကျေးရွာ ထွန်းသစ်စလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းမှ အသင်းဥက္ကဋ္ဌ ဦးလှကျော်မြင့်၏ GW-11 မိုးစပါးစိုက်ပျိုးထားရှိမှု အခြေအနေအား မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုပြီး စပါးတစ်ဧက ပန်းတိုင်အထွက်နှုန်းရရှိစေရေးနှင့် အလေအလွင့် နည်းပါးစေရေး အလေးထားဆောင်ရွက်သွားရန် ပြောကြားသည်။

စိုက်ပျိုးထား

အဆိုပါ သမဝါယမအသင်း၌ အသင်းသား တောင်သူ ၂၅ ဦး၏ မိုးစပါး စိုက်ပျိုးဧက ၂၀၄ ဧကတွင် GW-11 စပါးနှင့် ပေါ်ဆန်းမွှေးစပါးမျိုးများ စိုက်ပျိုးထားရှိကြောင်းနှင့် မြေပုံမြို့နယ်အနေဖြင့် သမဝါယမအသင်း နှစ်သင်းရှိ အသင်းသားတောင်သူ ၆၅ ဦး၏ မိုးစပါးစိုက်ပျိုးဧက စုစုပေါင်း ဧက ၃၈၀ တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ပံ့ပိုးငွေဖြင့် GW-11 စပါးနှင့် ပေါ်ဆန်းမွှေးစပါးမျိုးများ စိုက်ပျိုးထားရှိကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၃ - ၁၀ -၂၀၂၃

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၉,၀၀၀	၉,၀၀၀	၃၀	၂၇၀,၀၀၀
MTSH	၃,၀၀၀	၃,၀၀၀	၅,၇၃၃	၁၇,၁၉၉,၅၀၀
MCB	၇,၉၀၀	၇,၉၀၀	၁၃၃	၁,၀၅၀,၇၀၀
FPB	၁,၇၀၀	၁,၇၀၀	၃၆၃	၆၁၇,၁၀၀
TMH	၂,၆၅၀	၂,၇၀၀	၁,၅၂၄	၄,၀၃၈,၆၅၀
EFR	၂,၁၀၀	၂,၁၀၀	၅၄၁	၁,၁၃၆,၁၀၀
AMATA	၄,၉၀၀	၄,၉၀၀	၉	၄၄,၁၀၀
MAEX	၁,၇၀၀	၁,၇၅၀	၃,၁၁၀	၅,၆၂၇,၇၅၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၂-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❂ ရွှေ့ဖုံးမှ

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအတွက် အကဲဖြတ်ဒိုင်များအဖြစ် စိတ်ရောကိုယ်ပါ ကူညီ ဆောင်ရွက်ပေးကြမည့် ဝါရင့် အနုပညာရှင်ကြီးများနှင့် ပါဝင်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အဖွဲ့များ၊ အုပ်ချုပ်မှုအဖွဲ့များနှင့် အုပ်ထိန်းသူမိဘများ၏ နေထိုင်စားသောက်မှု အဆင်ပြေချောမွေ့စေရေးအတွက် အိပ်ဆောင်များ၊ စားရိပ်သာနှင့် စားချက်ဆောင်များ၊ စားသောက်ဆိုင်များနှင့် အရောင်းဆိုင်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်နေမှုများ၊ ဆပ်ကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ကျန်းမာရေးနှင့် ဆေးအကာအကွယ်ပေးရေးအဖွဲ့များ စုဖွဲ့ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ရောက်ရှိနေကြသည့် အကဲဖြတ်ဒိုင်အဖွဲ့ ဝါရင့်အနုပညာရှင်ကြီးများနှင့် ပြိုင်ပွဲဝင်အဖွဲ့သူ၊ အဖွဲ့သားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ နေပြည်တော် စစ်ကြောရေးနှင့်တည်းခိုရေးစခန်းရှိ စားရိပ်သာနှင့် ကျန်းမာရေးနှင့် ဆေးကာကွယ်ပေးရေးအဖွဲ့များ စုဖွဲ့ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ပါတီဝင်အင်အားစာရင်းများ မှန်ကန်စေရေးအတွက် မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်တို့မှ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

မြစ်ကြီးနား အောက်တိုဘာ ၂၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်ဇော်သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများက တင်ပြလာသည့် သတ်မှတ်ပါတီဝင် အင်အားစာရင်းများ မှန်ကန်စေရေးအတွက် ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားခရိုင်အတွင်းရှိမြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်တို့မှ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်သည် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ရွေးကောက်ပွဲအရာရှိနှင့် အမှုထမ်းများကို ဝိုင်းမော်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌လည်းကောင်း၊ မြစ်ကြီးနားခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ လည်းကောင်း သီးခြားစီတွေ့ဆုံ၍ ပါတီဝင်အင်အားစာရင်းများ မှန်ကန်စွာ ပြည့်မီရေးအတွက် ပူးပေါင်းစိစစ်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများနှင့် စိစစ်ခြင်းလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို တွေ့ဆုံဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့ပြင် ကော်မရှင်အဖွဲ့ဝင်သည် မြစ်ကြီးနားမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ မြစ်ကြီးနားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပါတီဝင်အင်အားစာရင်းများကို ပါတီဝင်ဖြစ်ကြောင်း အသိအမှတ်ပြုထားသည့် မှတ်တမ်း၊ အထောက်အထားများဖြင့်လည်းကောင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ e-ID စနစ်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ Admin DEO Software ဖြင့်လည်းကောင်း ပါတီကိုယ်စားလှယ်များနှင့်အတူ ပူးပေါင်းစိစစ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P)သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ A-1 ရှိ SHWE Phase 3 Development Project ဧရိယာတွင် Offshore Topside Installation လုပ်ငန်းများအား Offshore Construction and Installation Vessel, HYUNDAI 2500 နှင့်အတူ အထောက်အကူပြုရေယာဉ် နှစ်စင်းတို့ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၁ မိနစ် ၄၈.၃၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၀ မိနစ် ၄၈.၁၈ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၁ မိနစ် ၄၈.၉၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၄ မိနစ် ၁၄.၂၇ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၈ မိနစ် ၃၃.၇၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၄ မိနစ် ၁၄.၇၉ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၈ မိနစ် ၃၃.၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၀ မိနစ် ၄၈.၇၆ စက္ကန့်တို့အတွင်းတွင် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မှ ၂၀၂၄ ခုနှစ် ဧပြီ ၃၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ A-1 ဧရိယာတွင် SHWE Phase 3 Development Project ဧရိယာတွင် Offshore Topside Installation လုပ်ငန်းများအား Offshore Construction and Installation Vessel, HYUNDAI 2500 နှင့်အတူ အထောက်အကူပြုရေယာဉ် နှစ်စင်းတို့ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတည်နေရာများမှ (၄)ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို) ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှ တစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၃

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ NCA နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ကော်မတီဝင်များ၊ ဦးစီးကော်မတီတွင် ပါဝင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အဖွင့်အမှာစကားပြောကြား

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အဖွင့်အမှာစကားပြောကြားရာတွင် NCA (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို အချိန်ကိုက် အပိုအလိုမရှိ ကျင်းပဆောင်ရွက်နိုင်ခဲ့ပြီး လုပ်ငန်းကော်မတီများအချင်းချင်း ဟန်ချက်ညီညီ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရှိရသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုကြောင်း၊ NCA နှစ်ပတ်လည်နေ့ အခမ်းအနား၏ အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး တွေ့ရှိရသည့် အားနည်းချက်များကို နောင်ကျင်းပမည့် အခမ်းအနားများ၌ ပြုပြင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်းနှင့် လုပ်ငန်းကော်မတီအလိုက် အမှန်တကယ်သုံးစွဲခဲ့သည့် ဘတ်ဂျက်အသုံးစရိတ်များကို ရှင်းလင်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။ ဆက်လက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က အခမ်းအနားကျင်းပပြီးစီးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသည့် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များက မိမိတို့လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ခဲ့သည့် အားသာချက်၊ အားနည်းချက်များနှင့် ငွေကြေးသုံးစွဲမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက လိုအပ်သည်များ အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ဦးစီးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်အား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၃

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုကိုအခြေခံ၍ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ ရပ်ဝန်းနှင့်ပိုးလမ်းမ ပူးပေါင်းဆောင်ရွက်ရေးမူဘောင်အောက်မှ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများကို နှစ်ဖက်အပြန်အလှန်အကျိုးဖြစ်ထွန်းမှုအပေါ် အခြေခံ၍ အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်သွားရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသတစ်လျှောက် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်း အကောင်အထည်ဖော်နိုင်ရေး၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများတွင် တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည့်ကိစ္စများ အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် အာဆီယံနှင့် ကုလသမဂ္ဂတို့တွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။ သတင်းစဉ်

ဦးချမ်းအေးအား ကူဝိတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် အောက်တိုဘာ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးချမ်းအေးအား ကူဝိတ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ သတင်းစဉ်

လပွတ္တာမြို့နယ်၌ အယ်လ်နီညိုရာသီဥတုနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေး အသိပညာပေး

လပွတ္တာ အောက်တိုဘာ ၂၃

လပွတ္တာခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ကဏန်းပျော့မွေးကန်ရှိ ရေလုပ်သားများနှင့်တွေ့ဆုံ၍ အယ်လ်နီညိုရာသီဥတုနှင့် ပတ်သက်သည့် အသိပညာပေးဟောပြောပွဲကို လပွတ္တာမြို့နယ် ကျောက်ဖြူ ကျေးရွာ၌ အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါသိန်းက အယ်လ်နီညိုရာသီဥတုဖြစ်ပွားရခြင်းနှင့် ဖြစ်ပေါ်မှုကြောင့် ငါးမွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများအား ကြိုတင်ကာကွယ်နိုင်ရန် အချက်များ၊ ဖြစ်ပွားနေချိန်တွင် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ဖြစ်ပွားပြီးချိန်တွင် ပြန်လည်ထူထောင်ရေးလုပ်ဆောင်ရမည့်အချက်များကို အသိပညာပေးရှင်းလင်းဟောပြောသည်။

သတင်းစဉ်

အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်မှုကြောင့် ငါးကဏ္ဍအပေါ်သက်ရောက်နိုင်မှုများ ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြော

ရေကြည် အောက်တိုဘာ ၂၃

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်အတွင်း အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်မှုကြောင့် ငါးကဏ္ဍအပေါ် သက်ရောက်နိုင်မှုနှင့် ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက ငါးသိုင်းချောင်းမြို့ ဝန်ရပ်ကွက် လောကမာန်အောင်တန်ဆောင်း၌ ကျင်းပသည်။

ဦးစွာ ရေကြည်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်လွင်က အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်မှုကြောင့် ငါးကဏ္ဍအပေါ် သက်ရောက်နိုင်မှုအား ကြိုတင်ကာကွယ်ခြင်းနှင့် ဖြစ်ပွားစဉ် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ဆုံးရှုံးမှုနည်းအောင် ဆောင်ရွက်ရမည့်နည်းလမ်းများကို ရှင်းလင်းဆွေးနွေးပြောကြားပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲသို့ ရေကြည်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်လွင်နှင့် ရုံးဝန်ထမ်းများ၊ ဝန်ရပ်ကွက်စီမံအုပ်ချုပ်ရေးမှူးနှင့် အင်းလုပ်ငန်းရှင်များ၊ ငါးမွေးမြူရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

မြို့နယ်(ပြန်/ဆက်)

ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှု ရက်သတ္တပတ် အခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၃

ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှု ရက်သတ္တပတ် (Global Media and Information Literacy Week 2023) အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများ၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နှစ်စဉ် အောက်တိုဘာလ၏ စတုတ္ထပတ်ကို ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့်သတင်းအချက်အလက် သိနားလည်မှု ရက်သတ္တပတ်အဖြစ် UNESCO (ယူနက်စကို) က ဦးဆောင်သတ်မှတ်ကာ ၂၀၁၂ ခုနှစ်မှစတင်၍ ကမ္ဘာတစ်ဝန်းကျင်းပခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်တွင် စတင်ပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ အခမ်းအနားကျင်းပရသည့် ရည်ရွယ်ချက်မှာ ကမ္ဘာတစ်ဝန်းရှိသက်ဆိုင်သူများအားလုံးအတွက် မီဒီယာနှင့်သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ တိုးတက်မှုကို ပြန်လည်သုံးသပ်ရန်၊ သတင်းရယူမှုအခြေအနေ တိုးမြင့်လာစေရန်နှင့် မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ တိုးတက်မှုကို ဂုဏ်ပြုရန်ဖြစ်ပြီး ကမ္ဘာတစ်ဝန်းရှိ ပြည်သူလူထု၏ အသိပညာများ မြှင့်တင်ရန် စည်းရုံး လှုံ့ဆော်မှုများ ဆောင်ရွက်ရန် အဓိကကျသည့် အခါသမယ ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် ယခုအခမ်းအနားသည် လူတိုင်းမီဒီယာနှင့် သတင်း အချက်အလက်များ သိနားလည် စေရန်အတွက် ဆောင်ရွက်ခဲ့ကြသည့် အတိတ်က အောင်မြင်မှုများကို ချီးကျူးဂုဏ်ပြုသည့် အခါသမယလည်း ဖြစ်ကြောင်း။

၂၀၂၃ ခုနှစ်အတွက် ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှု ရက်သတ္တပတ်၏ ဆောင်ပုဒ်သည် “Media and Information Literacy in Digital Spaces; A Collective Global Agenda ” ဒစ်ဂျစ်တယ်ခေတ်ကာလမှာ မီဒီယာနှင့်သတင်းအချက်အလက် သိနားလည်မှုဖြစ်ပြီး ယခုအခမ်းအနားနှင့် ပတ်သက်သည့် လှုပ်ရှားဆောင်ရွက်မှုများကို အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပြောကြား

ယခုရက်သတ္တပတ် ကာလအတွင်း ပြည်သူများ အထူးသဖြင့် လက်ရှိ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၊ လူငယ်လူရွယ်များ၊ ဆရာ ဆရာမများ၊ အခြေခံပညာကျောင်းမှ ကျောင်းသား ကျောင်းသူများအား မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုစွမ်းရည်များ ပိုမိုတိုးတက်လာစေရန် အသိပညာပေးဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ လေ့လာရေးပို့ဆောင်ခြင်းများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် ဝန်ထမ်းများ၊ လူငယ်လူရွယ်များအား လူ့စွမ်းအား အရင်းအမြစ်ကောင်းများ ဖြစ်လာစေရန် လေ့ကျင့်သင်ကြားပေးနေသည့် ဆရာ ဆရာမများ အနေဖြင့် သတင်းတု၊ သတင်းမှားနှင့် သတင်းမှန်ကို ခွဲခြားသိမြင်ပြီး လူမှုကွန်ရက်ပေါ်တွင် ပျံ့နှံ့နေသည့် အမုန်းစကားများကို ဝိုင်းဝန်း ကိုင်တွယ်ဖြေရှင်းခြင်းဖြင့် ငြိမ်းချမ်းသည့် လူ့အဖွဲ့အစည်း ဖြစ်လာစေရေးအတွက် မြော်တွေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လူငယ်များအတွက် အွန်လိုင်းအသုံးပြုမှု အသိပညာပေးမှတ်တမ်း ဗီဒီယိုများကို ပြသသည်။

ယင်းနောက် တက်ရောက်လာသူများအား စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးမည့်ဆရာမများနှင့် မိတ်ဆက်ပေးပြီး ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျောင်းသား ကျောင်းသူများနှင့်အတူ သတင်းအချက်အလက်၊ အထွေထွေ ဗဟုသုတ အမေးအဖြေများကို အတူတကွ ဖြေဆိုဆောင်ရွက်ပြီး ဆုရရှိသူများအား အမှတ်တရ ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကာ ခင်းကျင်းပြသထားသော စာအုပ်စာတမ်းများ၊ ဂျာနယ်၊ သတင်းစာများကို လှည့်လည်ကြည့်ရှုသည်။

စကားဝိုင်းဆွေးနွေး

ထို့နောက် ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့်သတင်းအချက်အလက် သိနားလည်မှု ရက်သတ္တပတ် အခမ်းအနား စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြတ်ကြေးမုံက (Moderator) ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး စာရေးဆရာမ ဒေါ်သက်သက်နွယ် (သက်သက်နွယ်-ရန်ကုန်တက္ကသိုလ်)၊ ဒေါ်ဝင့်ဝင့်အေး (တရားလွှတ်တော်ရှေ့နေ)၊ စာရေးဆရာမ ဒေါ်ငွေးငွေးမြင့် (ခင်လေး-ပြည်ထောင်စုနယ်မြေ) တို့က သတင်းအချက်အလက် အမှားများ၊ လုပ်ကြံသတင်းများနှင့် အမုန်းစကားများ ပျံ့နှံ့စေသည့် လူမှုမီဒီယာများ၊ ဆိုရှယ်မီဒီယာ၏ ကောင်းကျိုး၊ ဆိုးကျိုး၊ ဆက်သွယ်ရေး ဥပဒေတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးခွန်းများမေးမြန်းရာ ပါဝင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သီတာတင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများက ဗဟုသုတမေးခွန်းများကို ဆက်လက်ဖြေဆိုခဲ့ကြသည်။

သတင်းစဉ်

ဦးစီးအရာရှိ၊ စာရင်းစစ်မှူး၊ ဒု-စာရင်းစစ်မှူးနှင့် လက်ထောက်စာရင်းစစ်မှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်း အမှတ်စဉ် (၄ / ၂၀၂၃) သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၃

ဦးစီးအရာရှိ၊ စာရင်းစစ်မှူး၊ ဒု-စာရင်းစစ်မှူးနှင့် လက်ထောက်စာရင်းစစ်မှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးမွမ်းမံသင်တန်း အမှတ်စဉ် (၄/၂၀၂၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က ယခုသင်တန်းကို လူ့စွမ်းအားအရင်းအမြစ်ပိုမိုအားကောင်းခိုင်မာလာစေရန်နှင့် စစ်ဆေးရေးစွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း၊ လက်တွေ့လုပ်ငန်းခွင်တွင် ထိရောက်အကျိုးရှိစွာ ပြန်လည်အသုံးချကြစေလိုကြောင်း၊ သင်တန်းမှ လေ့လာသိရှိခဲ့ရသည်များအပြင် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသည့် နည်းပညာရပ်များနှင့် စာရင်းစစ်ဆေးခြင်းဆိုင်ရာ နည်းစနစ်များကိုလည်း စဉ်ဆက်မပြတ်လေ့လာဆည်းပူးနေကြရမည်ဖြစ်ပါကြောင်း။

ထို့ပြင် နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒများကို သိရှိနားလည်ပြီး လိုက်ပါဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေးပြည့်ဝသည့် ခေါင်းဆောင်မှုနှင့် လိုက်ပါဆောင်ရွက်မှုများ ဖြစ်စေရန် အပြန်အလှန်လေးစားမှုဖြင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြစေလိုပါကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပါ လုပ်ငန်းတာဝန်များကို ကျင့်ဝတ်သိက္ခာများနှင့်အညီ သယ်ပိုးဆောင်ရွက်နိုင်သည့် ဝန်ထမ်းကောင်းများဖြစ်စေရေး ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် ရုံးချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးများမှ သင်တန်းသားများအား စာသင်ခန်းရောက် (Face to Face) ဖြင့် ၇၀၊ အွန်လိုင်းဖြင့် ၁၃ ဦး စုစုပေါင်း သင်တန်းသား ၈၃ ဦး တက်ရောက်ခဲ့ပြီး အောက်တိုဘာ ၂၅ ရက်တွင် အရည်အချင်းစစ်စာမေးပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၄ ခုနှစ် ရုံးသုံးပြက္ခဒိန် ထွက်ပြီ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက ပုံနှိပ်ထုတ်ဝေသော ၂၀၂၄ ခုနှစ် ရုံးသုံးပြက္ခဒိန်ကို ဖြန့်ချိရောင်းချနေပြီဖြစ်ပါသည်။ ၂၀၂၄ ခုနှစ် ရုံးသုံးပြက္ခဒိန်ကို စက္ကူဖြူချောဖြင့် တစ်စောင်လျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော် (ဖုန်း-၀၆၇-၃၄၃၄၆၈၁)၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ (ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈)၊ စာပေဗိမာန်စာအုပ်ဆိုင်အမှတ်-၁၅၉၊ ၈၆လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ (ဖုန်း-၀၂-၄၀၃၀၁၈၆) နှင့် မြို့နယ်အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဆက်သွယ်ဝယ်ယူရရှိနိုင်ပြီး ရုံးဌာနများနှင့် အသင်းအဖွဲ့များမှ လက်ကားဝယ်ယူလိုပါက အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေ သက်သေထူကာ ဖော်ထုတ်ပြသ၍ . . .

မောင်ငြိမ်းအေး

နိုင်ငံတိုင်း နိုင်ငံတိုင်းတွင် ကိုယ်ပိုင်ယဉ်ကျေးမှုစရိုက်လက္ခဏာများ ကိုယ်စီရှိကြသည်။ မြင့်မားသည့် ယဉ်ကျေးမှုစရိုက်လက္ခဏာနှင့် ပြည့်စုံသည့် နိုင်ငံတစ်နိုင်ငံသည် ထိုနိုင်ငံ၏ သမိုင်းနှင့်ချီ ရှည်လျားခဲ့သည့် ရိုးရာအစဉ်အလာ ဒြပ်ရှိ၊ ဒြပ်မဲ့ အထောက်အထားများအပြင် အဆင့်ဆင့်ပြောင်းလဲတိုးတက်လာသည့် ကိုယ်ပိုင်ယဉ်ကျေးမှု အနုသုခုမအစဉ်အလာများ ပိုင်ဆိုင်ထားသောနိုင်ငံဖြစ်သည်။ ရိုးရာအစဉ်အလာတို့သည် အဆိုပါနိုင်ငံ၏ ထူးခြားပေါ်လွင်သည့် အဓိကအသွင်အပြင်လက္ခဏာများ၊ မြတ်နိုးတန်ဖိုးထားဖွယ် ကိုယ်ပိုင်ယဉ်ကျေးမှုအစဉ်အလာများဖြစ်သည်။

တိုင်းရင်းသားတေးသံ

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် အစဉ်အလာအားဖြင့် ယဉ်ကျေးမှု အဆင့်အတန်း မြင့်မားသောနိုင်ငံဖြစ်ခဲ့သည်ကို မြန်မာ့ဦးစွန်း ပျူခေတ်ကာလကတည်းက ပေါ်ထွန်းခဲ့သည့် အနုပညာလက္ခဏာများဖြင့် သက်သေပြထားသည်။ ပျူယဉ်ကျေးမှု၊ ပုဂံယဉ်ကျေးမှု မှစ၍ ကုန်းဘောင်ယဉ်ကျေးမှု အနုပညာရပ်များသည် မြန်မာနိုင်ငံ မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုအစဉ်အလာကြီးမားကြောင်းကို ပြဆိုထားသည်။

ထီးနန်းဝန်းကျင်ဘွဲ့၊ ဘုန်းတော်ဘွဲ့၊ သဘာဝဘွဲ့၊ အချစ်ဘွဲ့၊ အလွမ်းဘွဲ့ စသည့်အကြောင်းအရာများကို ရေးဖွဲ့ထားသော ကြိုး၊ ဘွဲ့၊ သီချင်းခံ၊ ပတ်ပျိုး၊ ယိုးဒယားစသည့် တေးဂီတအမျိုးမျိုး ပေါ်ထွန်းခဲ့သည်။ ဗုံကြီးသံ၊ စည်တော်သံ၊ အိုးစည်သံ၊ ဒိုးပတ်သံ၊ ကောက်စိုက်တေး၊ မောင်းထောင်တေး စသည်ဖြင့် သာမန်ပြည်သူတို့ကြားမှ ပေါ်ပေါက်လာသောတေးသံများ၊ မွန်သံ၊ ကရင်သြသံ၊ ထားဝယ်ဒိန်း၊ ရခိုင်သံချပ်စသည့် တိုင်းရင်းသား တေးသံများလည်း ပေါ်ထွန်းခဲ့သည်။

ပြည်ထောင်စုစိတ်ဓာတ်

အမိပြည်ထောင်စု မြေပေါ်တွင် နေထိုင်ကြသည့် လူတိုင်းလူတိုင်းသည် အစဉ်အလာကြီးမားပြီး ဂုဏ်ရှိန်မြင့်မားခဲ့သော နန်းမှုနန်းဟန် ယဉ်ကျေးမှုဓလေ့ထုံးစံများသာမက သွေးချင်းသားရင်း လူမျိုးတို့၏ ဇာစ်မြစ်၊ ရိုးရာဓလေ့နှင့် ယဉ်ကျေးမှုတို့ကိုလည်း သိရှိထားရန် လိုအပ်သည်။ အိမ်သားအချင်းချင်းသည်လည်းကောင်း၊ အိမ်နီးနားချင်း အချင်းချင်းသည်လည်းကောင်း၊ တစ်ဦး၏ စရိုက်၊ တစ်ဦး၏ယဉ်ကျေးမှုဓလေ့ထုံးစံတို့ကို သိရှိနားလည်ထားပါမှ ဆက်ဆံမှု ပြေပြစ်ပြီး ရင်းနှီးချစ်ကြည်မှုများ တိုးပွားစေသည်။ ထို့ကြောင့် ရိုးရာဓလေ့ယဉ်ကျေးမှုဟူသည် ရင်းနှီးချစ်ကြည်စည်းလုံးမှုကို ဖြစ်စေသည့် ပြည်ထောင်စုစိတ်ဓာတ်ဟုပင် ဆိုရမည်ဖြစ်သည်။

တိုင်းရင်းသားလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုလက္ခဏာများတွင် အနုသုခုမ ပညာရပ်များသည် စိတ်ခံစားမှုကဏ္ဍ အဖြစ်ပါဝင်သည်။ အနုသုခုမပညာရပ်တို့သည် လူတို့၏ အတွင်းစိတ်သဏ္ဍာန်မှ ပေါ်ထွက်လာသည့် ခံစားချက်ကို လှစ်ဟပြသသည့် သိမ်မွေ့နက်နဲသော အနုပညာတစ်ရပ်ဖြစ်သည်။ အတွင်းစိတ်သဏ္ဍာန်မှ ဖြစ်ပေါ်လာသော အနုပညာဖြစ်သည့် အလျောက် ယင်းအနုသုခုမပညာတို့ကို လေ့လာပါက ယင်းလူမျိုး၏ အတွင်းစိတ်သဏ္ဍာန်ကို အလိုအလျောက် အကဲဖြတ်နိုင်ပြီး တိုင်းရင်းသားလူမျိုးတို့၏ ယဉ်ကျေးမှုအဆင့်အတန်းကိုပါ ရိပ်စားမိနိုင်ပေမည်။

> မိမိတို့ရိုးရာယဉ်ကျေးမှု သမိုင်းအမွေအနှစ်များ မတိမ်ကောသေးကြောင်း၊ ရှင်သန်နေဆဲဖြစ်ကြောင်း၊ မြတ်နိုးတွယ်တာစရာဖြစ်နေသေးကြောင်း သက်သေထူပြနိုင်သော အခင်းအကျင်းကြီးတစ်ရပ်မှာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးပင်ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်းကြီး ပြောဆိုနိုင်ပြီဖြစ်ပါသည်။ ခေတ်ပေါ်ယဉ်ကျေးမှုများ အားကောင်းနေသောကာလ၌ တိမ်မြုပ်နေသော မြန်မာတို့၏ အစဉ်အလာယဉ်ကျေးမှု အနုသုခုမပညာရပ်များကို ရှုလှည့် မြင်လှည့် ကြည့်လှည့်ကြပါက သိမ်မွေ့နက်နဲမှု၊ အနှစ်သာရရှိမှု၊ မြတ်နိုးတန်ဖိုးထားစရာဖြစ်မှုတို့ကို ကြုံတွေ့ခံစားကြမည်ဟု ညွှန်းဆိုချင်

(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အတီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြုအသင်း ပါဝင်ယှဉ်ပြိုင်စဉ်။

သက်သေထူပြနိုင်

တိုင်းရင်းသားလူမျိုးတို့၏ ယဉ်ကျေးမှုစံကို သိလိုသော် ထိုလူမျိုးတို့ ဖန်တီးခဲ့သည့် ဓလေ့စရိုက်များကို ကြည့်၍ အကဲဖြတ်နိုင်ကြပေသည်။ ယနေ့ ဖန်တီးခဲ့သော ကောင်းမြတ်သည့် အစဉ်အလာ လက္ခဏာများသည် နောင်တစ်ခေတ်တွင် သမိုင်းအမွေအနှစ် မြတ်နိုးစရာများဖြစ်လာပါသည်။ အတိတ်သမိုင်းက ယဉ်ကျေးမှုအစဉ်အလာများသည် မျက်မှောက်ခေတ်တွင် တန်ဖိုးထား ဂုဏ်ယူမြတ်နိုးဖွယ်ရာများဖြစ်ပေသည်။ သက်ဆိုင်ရာခေတ်မှ လူမျိုးတို့၏ ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ထုတ်လိုသောအခါ မျက်မှောက်ခေတ်ယဉ်ကျေးမှုလက်ရာများဖြင့်သာမပြီးဘဲ မိမိတို့ ဘိုးဘေးဘီဘင်များ ချန်ထားရစ်ခဲ့သည့် သမိုင်းအမွေအနှစ်များကိုပါ သက်သေထူပြနိုင်မှ လုံလောက်မည်ဖြစ်သည်။

မိမိတို့ရိုးရာယဉ်ကျေးမှု သမိုင်းအမွေအနှစ်များ မတိမ်ကောသေးကြောင်း၊ ရှင်သန်နေဆဲဖြစ်ကြောင်း၊ မြတ်နိုးတွယ်တာစရာ ဖြစ်နေသေးကြောင်း သက်သေထူပြနိုင်သော အခင်းအကျင်းကြီးတစ်ရပ်မှာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးပင် ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်းကြီး ပြောဆိုနိုင်ပြီဖြစ်ပါသည်။ ခေတ်ပေါ် ယဉ်ကျေးမှုများ အားကောင်းနေသော ကာလ၌ တိမ်မြုပ်နေသော မြန်မာတို့၏ အစဉ်အလာယဉ်ကျေးမှု အနုသုခုမပညာရပ်များကို ရှုလှည့် မြင်လှည့် ကြည့်လှည့် ကြပါက သိမ်မွေ့နက်နဲမှု၊ အနှစ်သာရရှိမှု၊ မြတ်နိုးတန်ဖိုးထားစရာဖြစ်မှု တို့ကို ကြုံတွေ့ခံစားကြမည်ဟု ညွှန်းဆိုချင်ပါသည်။

ယဉ်ကျေးမှုကိုမြတ်နိုး

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမ ပညာရပ်များကို ထုတ်ဖော်ပြသသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို (၂၄)နှစ်၊ (၂၄) ကြိမ်တိုင်တိုင် ကျင်းပနိုင်ခဲ့သဖြင့် မြန်မာတို့၏ အနုသုခမပညာရပ်များ မတိမ်ကောမပပျောက်သေးဘဲ ထွန်းလင်းတောက်ပနေသည်ကို သက်သေထူခဲ့ပြီးဖြစ်ပါသည်။ အကယ်၍ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာများကို မထုတ်ဖော်နိုင်၊ မကျင်းပနိုင်ခဲ့လျှင် ခေတ်ပေါ်ယဉ်ကျေးမှုစီးကြောင်းတို့ လွှမ်းမိုးပြီး အစဉ်အလာကြီးမားခဲ့သည့် မြန်မာတို့၏ ယဉ်ကျေးမှု အနုသုခုမပညာရပ်များ မေးမှိန်ပျောက်ကွယ်သွားမည်မှာ သေချာပါသည်။ ထို့ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များကို ဖော်ထုတ်ပေးခဲ့သော အစိုးရအဆက်ဆက်နှင့် ပညာရှင်၊ ဝါသနာရှင်များအားလုံးကို ကျေးဇူးတင်ပါသည်ဟု ဆိုချင်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ၁၉၉၃ ခုနှစ်မှ စတင်၍ ၂၀၁၆ ခုနှစ်အထိ (၂၂)နှစ် (၂၂) ကြိမ်တိုင်တိုင် နှစ်စဉ်မပျက်ကျင်းပနိုင်ခဲ့၍ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာကို ချစ်ခင်မြတ်နိုး တန်ဖိုးထားကြသော ပြည်သူများအားလုံး ဝမ်းမြောက်မိကြမည်မှာ အမှန်ဖြစ်သည်။ သို့သော် ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ငါးနှစ်တာကာလတိုင်အောင် ကျင်းပနိုင်ခဲ့ခြင်း မရှိသဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားသူများအနေဖြင့် ဝမ်းနည်းစရာဖြစ်ခဲ့သည်။ မကျင်းပဖြစ်ခဲ့သည့် အချိန်ကာလအတွင်း မြန်မာ့ရိုးရာ ယဉ်ကျေးမှု အနုပညာရပ်များနှင့် ကင်းကွာစပြုလာသလို သမ္ဘာရင့် ဝါရင့် သက်ကြီးအနုပညာရှင်အချို့ တိမ်းပါးကွယ်လွန်ခဲ့သည်မှာလည်း ဝမ်းနည်းစရာဖြစ်သည်။

မျှော်လင့်စောင့်စား

မြန်မာ့ယဉ်ကျေးမှု မျက်နှာစာ တစ်ဖက်တွင် ထိုကာလမတိုင်ခင်ကတည်းက မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာစရိုက်လက္ခဏာများနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် သရုပ်လွန် ဂီတ ဖျော်ဖြေလှုပ်ရှားထုတ်ဖော်မှုများ လူငယ်ထုကြားတွင် ထိုးဖောက်ဝင်ရောက်လျက်ရှိသည်မှာ အားလုံးအသိပင်ဖြစ်သည်။ ထိုသို့သောအခြေအနေတွင် မြန်မာ့ရိုးရာ အနုသုခုမပညာရပ်များကို ဆက်လက်ထိန်းသိမ်းဖော်ထုတ်ခဲ့ကြသူ ပညာရှင်ကြီးများ၊ မြန်မာ့ရိုးရာအနုသုခုမ ပညာရပ်များကို ချစ်ခင်မြတ်နိုးတွယ်တာကြသူ ဝါသနာရှင် လူငယ်လူကြီး မိဘပြည်သူများ အနေဖြင့် တစ်ခုတည်းသော မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး ပြန်လည်ပေါ်ထွန်းလာရေးကို အမျှော်လင့်ကြီး မျှော်လင့်ခဲ့ကြသည်။

ပြန်လည်ကျင်းပပေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်သည့်အခါ ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်)ပြဋ္ဌာန်းချက်ပါ ပုဒ်မ(၂၇) အရ နိုင်ငံတော်သည် အမျိုးသားယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ခိုင်မာရေးနှင့် စောင့်ရှောက် ထိန်းသိမ်းရေးအတွက် ကူညီဆောင်ရွက်မည့် အချက်အရ လည်းကောင်း၊ ပုဒ်မ(၃၃)အရ နိုင်ငံတော်သည် လူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ် မှန်ကန်ရေးနှင့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရမည့် အချက်အရလည်းကောင်း၊ ပုဒ်မ ၃၆၀ (က)အရ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း အချက်အရလည်းကောင်း မြန်မာ့ယဉ်ကျေးမှု ထွန်းကားပြန့်ပွားရေးကို အလေးအနက်ထားပြီး ရပ်ဆိုင်းထားခဲ့သော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို (၂၃) ကြိမ်မြောက်အဖြစ် ပြန်လည်ကျင်းပပေးခဲ့သည်။

ယခု ၂၀၂၃ ခုနှစ်အတွက် (၂၄)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကိုလည်း ခြိမ့်ခြိမ့်သဲသဲ အောင်အောင်မြင်မြင် ကျင်းပနိုင်အောင် စီစဉ်ဆောင်ရွက်ခဲ့ရာ ယခုအခါ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တို့ကို ကျော်ဖြတ်ပြီး ဗဟိုအဆင့်ပြိုင်ပွဲကြီးပင် ကျင်းပနိုင်တော့မည်ဖြစ်သည်။ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ယခင်နှစ်များကဲ့သို့ပင် ပြိုင်ပွဲဝင် အနုပညာကဏ္ဍများ ပြည့်ပြည့်စုံစုံ၊ အကဲဖြတ်ပညာရှင်ကြီးများ သိုက်သိုက်ဝန်းဝန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မျိုးဆက်သစ် ရွက်ပုန်းသီး ပြိုင်ပွဲဝင် လူငယ်မောင်မယ်များ အင်ပြည့်အားပြည့်ဖြင့် ပြိုင်ပွဲအဆင့်ဆင့်တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်မှာ ဝမ်းမြောက်စရာဖြစ်သည်။

စာမျက်နှာ ၇ သို့ ☆

ကိုဗစ် -၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်ကုစားရေး လုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၃

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၃) ကို ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁)၌ ကျင်းပသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် လုပ်ငန်းကော်မတီဝင်များ ဖြစ်ကြသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက ချေးငွေအရင်း ပြန်လည်ကောက်ခံရေး လုပ်ငန်းစဉ်များကို တိုင်းဒေသကြီး/ ပြည်နယ် စိစစ်ကြပ်မတ်ရေးအဖွဲ့များက ကြိုးပမ်းဆောင်ရွက်မှုအခြေအနေ၊ နိုင်ငံတော်၏ လည့်ပတ်ရန်ပုံငွေကျပ် ဘီလီယံ ၅၀ ပြန်လည်ပေးဆပ်ပြီးစီးမှုအခြေအနေ၊ လုပ်ငန်းများထံမှ အရင်းပြန်လည် ကောက်ခံရရှိငွေများအား အထွေထွေပိုလျှံရန်ပုံငွေသို့ အရစ်ကျဆက်လက်ပေးဆပ်သွားမည့် အခြေအနေ၊ ချေးငွေသက်တမ်း သုံးနှစ်ပြည့်မြောက်ပြီးသည့် လုပ်ငန်းရှင်များမှ ချေးငွေ ပြန်လည်ပေးဆပ်မှုအခြေအနေနှင့် နိုင်ငံသားပိုင် ငါး၊ ပုစွန် မွေးမြူရေး အပါအဝင် မွေးမြူရေးကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလအား ချေးငွေသက်တမ်းစေ့ရောက်သည့်နေ့မှစ၍ နောက်ထပ် တစ်နှစ် ထပ်မံတိုးမြှင့်ပေးမည့် အခြေအနေတို့ကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ချေးငွေစိစစ်ကြပ်မတ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပြည်နယ်/ တိုင်းဒေသကြီးအလိုက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေ ထုတ်ယူထားသည့် ကုမ္ပဏီ/ လုပ်ငန်းများမှ အတိုးအရင်း ကောက်ခံရရှိမှုနှင့် သက်ဆိုင်ရာဌာနများ၊ ချေးငွေကြီးကြပ်ရေးအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြဆွေးနွေးသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသူများက ကော်မတီ၏ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ နှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ သက်တမ်းစေ့ပြီး ချေးငွေပြန်လည်ကောက်ခံရေး အစီအစဉ်နှင့် လုပ်ထုံးလုပ်နည်းများ၊ ဌာနဆိုင်ရာများ အကြား ပူးပေါင်းဆောင်ရွက်မှုအခြေအနေတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

နယ်စပ်ရေးရာဝန်ကြီးဌာနရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ၌ သင်တန်းဆင်းပွဲနှင့် ဖွင့်ပွဲများ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၃

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ၂၁ ကျောင်းတို့တွင် အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ် သင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်း၊ အခြေခံ လက်ရက်ကန်းသင်တန်းများဖွင့်ပွဲ၊ ဟိုတယ် ဝန်ဆောင်မှုဆိုင်ရာသင်တန်းဆင်းပွဲနှင့်ဖွင့်ပွဲ အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း(ပုသိမ်)တွင် မေ ၈ ရက်မှ အောက်တိုဘာ၂၃ ရက်အထိ ဖွင့်လှစ်သော ဟိုတယ် ဝန်ဆောင်မှုဆိုင်ရာသင်တန်းများဖြစ်သည့် (ဧည့်ကြို အိပ်ခန်းဆောင်၊ အစားအစာနှင့် အဖျော်ယမကာ ဝန်ဆောင်မှု)သင်တန်းအမှတ်စဉ်(၆)ဆင်းပွဲ၊ အမှတ်စဉ် (၇)ဖွင့်ပွဲနှင့် အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ် သင်တန်းဖွင့်ပွဲများတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တက်ရောက်သည်။

အလားတူ လွိုင်ကော်မြို့ သင်တန်းကျောင်းတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဘားအံမြို့ သင်တန်းကျောင်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ဆိုက်ခေါင်မြို့သင်တန်းကျောင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ မုဒုံမြို့ သင်တန်းကျောင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ကျိုင်းတုံမြို့ သင်တန်းကျောင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်း၊ ကွန်ဟိန်းမြို့ သင်တန်းကျောင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်း၊ မြိုင်ကြီးငူမြို့ သင်တန်းကျောင်းတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်၊ လဟယ်မြို့ သင်တန်းကျောင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ မင်းပြားမြို့ သင်တန်းကျောင်းတွင် မင်းပြားတပ်နယ် နည်းဗျူဟာမှူး ဗိုလ်မှူးကြီးဝင်းကိုတို့ တက်ရောက်ဖွင့်လှစ်ပေးပြီး ကျန်သင်တန်းကျောင်းများ၌ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများမှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်ဦးစီးမှူးများနှင့် ခရိုင်/မြို့နယ်ရှိ တာဝန်ရှိသူများ တက်ရောက် ဖွင့်လှစ်ပေးခဲ့သည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း(ဆိုက်ခေါင်)၌ ကျင်းပသည့် သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နိုင်ငံတစ်ဝန်းရှိသင်တန်းကျောင်း ၂၁ ကျောင်းတွင် အောက်တိုဘာ ၂၃ ရက်မှ ၂၀၂၄ ခုနှစ် မတ် ၂၂ ရက်အထိ သင်တန်းကာလ ရက်သတ္တ ၂၂ ပတ်ကြာ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်း၊ အခြေခံလက်ရက်ကန်းသင်တန်းနှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းစသည့် သင်တန်းလေးမျိုးတွင် သင်တန်းသူ ၆၅၀ တက်ရောက်သွားမည်ဖြစ်ကာ နေထိုင်စားသောက်ရေးနှင့် သင်တန်းသုံးပစ္စည်းများ အခမဲ့ပံ့ပိုးပေးသွားမည်ဖြစ်သည်။

အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများတွင် ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ် ဖွင့်လှစ်ပေးလျက်ရှိရာ သင်တန်းသူစုစုပေါင်း ၉၅၈၅၆ ဦး သင်ကြားလေ့ကျင့်မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

☆ စာမျက်နှာ ၆ မှ

အနုသုခုမပညာအားလုံး

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၌ မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာ ရှေးအစဉ်အလာ အနုသုခုမပညာရပ်အားလုံး ပါဝင်နေသည်ကိုတွေ့ရသည်။ အဆိုပြိုင်ပွဲ၌ စိန်မြရုံခြယ်၊ ကုန်းဘောင်နေမင်း၊ ဆဒ္ဒန်အိုင်သာ၊ ကောင်းချီးသခ်ါ၊ အောင်မင်္ဂလာ၊ ဆောင်ဝဇီယာ၊ သြဘာမင်္ဂလာ၊ မြိုင်ဟေမာ စသည့်မဟာဂီတ တေးသီချင်းများ။ ဂီတလုလင်ဦးကိုကို၏ ရွှေသဇင်၊ ဥသြဘသောင်း၏ စွဲမက်ပါတဲ့အာရုံ၊ ဝင်းဦး၏ညီတော်မင်းနန်၊ ခင်မောင်ရင်၏ ပန်းစုံတဲ့တော၊ ဒေါ်ကြည်အောင်၏ တောင်သူပျို၊ ကြည်ကြည်ဌေး၏ သုံးဆယ့်ရှစ်ဖြာမင်္ဂလာ၊ မာမာအေး၏ စည်တော်ကြီး၊ ထား၏ ပြိုင်ပွဲကြီး စသည့်ခေတ်ဟောင်းတေး၊ ကာလပေါ် တေးမျိုးစုံပါဝင်သည်။

ကိုအံ့ကြီး၏ လူချွန်လူကောင်း၊ ခင်မောင်ထူး၏ ချစ်ခြင်းတရားနဲ့ ပြည်ထောင်စု၊ ကိုမင်းနောင်၏ လုလင်ငယ်သွေး၊ ခိုင်ထူး၏ ငြိမ်းချမ်းရေးပန်းခင်း၊ ဟေမာနေဝင်း၏ ကြိုနေမယ့်နေ့များ၊ လေးလေးဝါး၏ ငြိမ်းချမ်းရေးပန်းခင်း၊ စိုင်းထီးဆိုင်၏ နေ့သစ်၊ မြင့်မြင့်ခင်၏ မြစ်ကြီးရေဝတီ၊ မြသက်မူ၏ ဗိုလ်ရှုသဘင်စသည့် အမျိုးဂုဏ် ဇာတိဂုဏ်ကို မြှင့်တင်စေသည့် တေးသီချင်းများ စုံစုံလင်လင်ပါဝင်သည်။ စောင်းအတီးပြိုင်ပွဲတွင် ပတ်ပျိုး၊ ယိုးဒယား၊ သီချင်းခံ၊ ကြိုးဘွဲ့၊ မွန်စသည်ဖြင့် စုံလင်ပါသည်။ စန္ဒရား၊ ပတ္တလား၊ နှဲ၊ ပလွေ၊ တယော၊ ဂီတာ၊ မယ်ဒလင်၊ ဒုံမင်း၊ ဆိုင်း၊ ဆိုင်းဝိုင်းကြီး၊ အိုးစည်၊ ဒိုးပတ်စသည်တို့ စုံလင်စွာပါဝင်သည်။ အရေးပြိုင်ပွဲတွင် ဝါသနာရှင်၊ အဆင့်မြင့်ပညာ၊ အခြေခံပညာအဆင့် အားလုံးပါဝင်ရေးဖွဲ့ယှဉ်ပြိုင်ကြသည်။

အနုပညာစွမ်းပကား

အကပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး အကပြိုင်ပွဲ၊ မြန်မာ့အက အခြေခံ ကဗျာလွတ်အက၊ တိုင်းရင်းသား ရိုးရာအက၊ ကျေးလက်ရိုးရာအကပြိုင်ပွဲများ၊ ရှမ်းတိုင်းရင်းသား ရိုးရာအကပြိုင်ပွဲ၊ မဟော်သဓာ ဇာတ်တော်ကြီးပြိုင်ပွဲ၊ ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲနှင့် မြန်မာ့အနုသုခုမ ပညာရပ်များအနက် မျက်မှောက်ကာလ လူမှု ဘဝနယ်ပယ်၌ ပျောက်ကွယ်လုနီးပါး ဖြစ်နေသည့် ရုပ်သေးကြိုးဆွဲပြိုင်ပွဲ၊ ကွက်စိပ်ပြိုင်ပွဲများလည်း ပါဝင်လာသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်မိသည်။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို လှစ်ဟပြသည့် ကဏ္ဍတစ်ခုဖြစ်သည့် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲကြီး မကြာမီ ကျင်းပတော့မည်ဖြစ်သည်။ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ပြည်နယ်၊ တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲများမှ တစ်ဆင့် ဆန်ခါတင် အနုသုခုမပညာရှင်၊ ဝါသနာရှင်အသီးသီးတို့၏ အနုသုခုမ ပညာ စွမ်းပကားများကို မြင်တွေ့ရတော့မည်ဖြစ်သည်။

ရှေးအစဉ်အလာမပျက် ထူးခြားလေးနက်သည့် မြန်မာတို့၏ ယဉ်ကျေးမှု အနုသုခုမပညာရပ်များ မပျောက်မပျက်ဘဲ ပေါ်ထွက်လာသည်မှာ ဝမ်းမြောက် ဂုဏ်ယူစရာဖြစ်သည်။ မြင့်မားသည့်ယဉ်ကျေးမှု စရိုက်လက္ခဏာများနှင့်ပြည့်စုံသည့် မြန်မာနိုင်ငံအနေဖြင့် ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ဓလေ့စရိုက် အစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ကြရမည်ဖြစ်သည်။ ကိုယ့်ယဉ်ကျေးမှုဓလေ့စရိုက်လက္ခဏာများကို ထိန်းသိမ်းမြှင့်တင်ပါမှ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားပြီး ချစ်ခင်စည်းလုံးသည့် စိတ်နှလုံးမွေ့လျော်ဖွယ်ရာ နိုင်ငံအဖြစ် တည်ဆောက်နိုင်မည် ဖြစ်သည်။ သို့ပါ၍ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေ သက်သေထူကာ ဖော်ထုတ်ပြသ၍ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အရေး၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ဂုဏ်ပြုကြရမည်ဖြစ်ပါသည်။ ။

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

ဒုတိယဝန်ကြီး ဦးရဲတင့်နှင့်အဖွဲ့ အာဆီယံ-တရုတ် မီဒီယာဖိုရမ် တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၃

၂၀၂၃ အာဆီယံ-တရုတ်မီဒီယာဖိုရမ်ကို ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့ Guangxi New Media Center ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

၂၀၂၃ အာဆီယံ-တရုတ်မီဒီယာဖိုရမ်ကို **"Jointly Improve media for a better future shared by all" "ပိုမိုကောင်းမွန်သော အနာဂတ်အတွက် မီဒီယာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ပါ"** ဆောင်ပုဒ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ရေဒီယို၊ ရုပ်မြင်သံကြား၊ အွန်လိုင်းအသံနှင့် ရုပ်သံဆိုင်ရာ တီထွင်ဆန်းသစ်သော ဆောင်ရွက်မှုများနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်သည်။

၂၀၂၃ အာဆီယံ-တရုတ်မီဒီယာဖိုရမ်သည် (၅)ကြိမ်မြောက် အာဆီယံ-တရုတ် မီဒီယာရက်သတ္တပတ်အစီအစဉ် ခြောက်ခုတွင် ပါဝင်သည့် အစီအစဉ်တစ်ခုဖြစ်ပြီး အာဆီယံ-တရုတ် မီဒီယာရက်သတ္တပတ်ကို အောက်တိုဘာ ၂၁ ရက်မှ ၂၅ ရက်အထိ သတ်မှတ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

တက်ရောက်

ဦးစွာ ဒုတိယဝန်ကြီး ဦးရဲတင့်၊ နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးကျော်စိုးသိန်းနှင့် အဖွဲ့သည် အာဆီယံ-တရုတ် မီဒီယာဖိုရမ် တက်ရောက်မည့် အဆင့်မြင့်အရာရှိကြီးများနှင့်အတူ အဆင့်မြင့်အရာရှိကြီးများ တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တရုတ်နိုင်ငံ အမျိုးသားအဆင့် ရေဒီယိုနှင့် ရုပ်မြင်သံကြား စီမံခန့်ခွဲမှုဆိုင်ရာ ဒုတိယဝန်ကြီး H.E. Yang Xiaowei နှင့် မလေးရှားနိုင်ငံ ဆက်သွယ်ရေးနှင့် ဒစ်ဂျစ်တယ်ဆိုင်ရာဝန်ကြီးဌာန ရေဒီယိုနှင့် ရုပ်မြင်သံကြားဌာန ညွှန်ကြားရေးမှူးချုပ် Dato Suhaimi Sulaiman တို့က တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများမှ အစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့် မိတ်ဆက်ပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီး H.E. Yang Xiaowei၊ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒေသဆိုင်ရာကော်မတီနှင့် ပြည်သူ့ရေးရာဌာန တာဝန်ခံအရာရှိ H.E. Chen Yijun၊ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့အစိုးရအဖွဲ့ ဒုတိယဥက္ကဋ္ဌ H.E. Miao Qingwang၊ ညွှန်ကြားရေးမှူးချုပ် Dato Suhaimi Sulaiman တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ဒုတိယဝန်ကြီး ဦးရဲတင့်က အာဆီယံ-တရုတ် မီဒီယာဖိုရမ်သို့ တက်ရောက်ရသည့်အတွက်များစွာ ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း၊ ဆက်လက်၍ အာဆီယံနိုင်ငံများ အပါအဝင် တရုတ်နိုင်ငံတို့နှင့် မီဒီယာကဏ္ဍအပါအဝင် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ၂၀၂၃ အာဆီယံ-တရုတ် မီဒီယာဖိုရမ် တက်ရောက်မည့် အဆင့်မြင့် အရာရှိကြီးများနှင့်အတူ Guangxi New Media Center အတွင်း ခင်းကျင်းပြသထားသည့် ရေဒီယို၊ ရုပ်မြင်သံကြားနှင့် အင်တာနက်ရုပ်သံပိုင်းဆိုင်ရာ ပြပွဲကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်၊ နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးကျော်စိုးသိန်းနှင့် အဖွဲ့သည် နန်နင်းမြို့ Guangxi New Media Center ၌ ကျင်းပပြုလုပ်သည့် ၂၀၂၃ အာဆီယံ-တရုတ် မီဒီယာဖိုရမ်သို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် တရုတ်နိုင်ငံ အမျိုးသားအဆင့် ရေဒီယိုနှင့် ရုပ်မြင်သံကြား စီမံခန့်ခွဲမှုဆိုင်ရာ ဒုတိယဝန်ကြီး H.E. Yang Xiaowei၊ မလေးရှားနိုင်ငံ ဆက်သွယ်ရေးနှင့် ဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးဌာန ရေဒီယိုနှင့် တီဗွီဌာန ညွှန်ကြားရေးမှူးချုပ် Dato Suhaimi Sulaiman၊ ကမ္ဘောဒီးယား ပြန်ကြားရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် H.E. Pang Nath၊ လာအိုနိုင်ငံ ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Vansy Khuamuao နှင့် တရုတ်ကွန်မြူနစ်ပါတီ အမြဲတမ်းကော်မတီဝင်၊ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒေသဆိုင်ရာကော်မတီနှင့်ပြည်သူ့ရေးရာဌာန တာဝန်ခံအရာရှိ H.E. Chen Yijun တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ယင်းဖိုရမ်တွင် ဒုတိယဝန်ကြီး ဦးရဲတင့်က ယခုနှစ်သည်အာဆီယံ-တရုတ်နိုင်ငံတို့၏ Belt and Road Initiatives (၁၀)နှစ်မြောက် နှစ်ဖြစ်သကဲ့သို့ အာဆီယံ-တရုတ် ဆွေးနွေးဖက် ဆက်ဆံထူထောင်ခြင်း (၃၂)နှစ် ပြည့်မြောက်ပြီဖြစ်၍ ထူးခြားလေးနက်သည့် ကာလဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အာဆီယံ- တရုတ် သတင်းမီဒီယာ ရက်သတ္တပတ် (ASEAN – China Media Week) ကို ငါးကြိမ်တိုင် တာဝန်ယူကျင်းပပေးခဲ့ပြီးဖြစ်၍ သတင်းမီဒီယာကဏ္ဍ၏အရေးပါမှုကို အလေးထား မြှင့်တင်လိုသော တရုတ်နိုင်ငံ၏ စိတ်စေတနာကို သိရှိလေးစားပါကြောင်း၊ ယခုနှစ်ဖိုရမ်၏ ဆောင်ပုဒ်ဖြစ်သည့် Jointly Improve Media for a Better Future Shared by All ဆိုသည့်အတိုင်း တရုတ်နိုင်ငံနှင့် မိမိတို့ အာဆီယံနိုင်ငံ မီဒီယာအဖွဲ့အစည်းများအကြား ယုံကြည်မှုပိုမိုတည်ဆောက်ခြင်း၊ သတင်းမီဒီယာကဏ္ဍကို နည်းပညာသစ်၊ နည်းလမ်းသစ်များ၊ တီထွင်ဆန်းသစ်မှုအသစ်များဖြင့် အပြန်အလှန်အကျိုးပြုနိုင်ရေးနှင့် ပြည်သူကို ဗဟိုပြုပြီး ပြည်သူများအတွက် အထောက်အကူပြုမည့် သတင်းမီဒီယာဆိုင်ရာ မူဝါဒသဘောထားအမြင်များဖြင့် ဆွေးနွေးကြပြီး ထိထိရောက်ရောက် ဆောင်ရွက်သွားနိုင်ကြမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မဟုတ်မမှန် လုပ်ကြံသတင်းများ၊ သတင်းမှားများ လျော့နည်းစေရေးနှင့် သတင်းမှန်များဖြင့် ပြန်လည်တုံ့ပြန်ဆောင်ရွက်နိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန် များစွာလိုအပ်နေသည့် အချိန်ဖြစ်သည်ကို သတိထားကြရန် လိုကြောင်း၊ သတင်းမှားများ တိုက်ဖျက်ရေးအတွက် အစီအစဉ်များ၊ အစီအမံများကို ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်လာနိုင်သည်နှင့်အမျှ ပိုမိုကောင်းမွန် ထိရောက်သော ရလဒ်ကောင်းများ ရရှိနိုင်မည်ဟု ယုံကြည်ကြောင်း၊ မိမိတို့၏ Main Stream Media များကို မိမိတို့နိုင်ငံများနှင့် အာဆီယံ ပြည်သူများက ပိုမိုသက်ဝင်ယုံကြည် အားကိုးလာအောင်၊ ကောင်းမွန်သည်ထက် ကောင်းမွန်အောင်၊ ပြည့်စုံသည်ထက် ပြည့်စုံအောင် အားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားရန်လိုမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ သတင်းမီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများတွင် ထက်သန်သောဆန္ဒများ၊ မိတ်ဖက် နိုင်ငံကောင်းတစ်ခုအဖြစ် တက်တက်ကြွကြွရပ်တည်၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပါအဝင် မိမိတို့ အာဆီယံဒေသ နိုင်ငံများနှင့် ပြည်သူများ၏ ပိုမိုကောင်းမွန်သော အနာဂတ်အတွက် မျှဝေခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် မီဒီယာကဏ္ဍကို မြှင့်တင်ကြပါစို့ဟု တိုက်တွန်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တရုတ်နိုင်ငံအတွင်းရှိ မီဒီယာများ၊ အာဆီယံနိုင်ငံများမှ မီဒီယာဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးခြင်း အစီအစဉ်သို့ တက်ရောက်သည်။

အခမ်းအနားသို့ တရုတ်နိုင်ငံ အမျိုးသားအဆင့် ရေဒီယိုနှင့် ရုပ်မြင်သံကြား စီမံခန့်ခွဲမှုဆိုင်ရာ ဒုတိယဝန်ကြီး H.E. Yang Xiaowei၊ တရုတ်ကွန်မြူနစ်ပါတီ အမြဲတမ်းကော်မတီဝင်၊ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒေသဆိုင်ရာကော်မတီနှင့် ပြည်သူ့ရေးရာဌာန တာဝန်ခံအရာရှိ H.E. Chen Yijun နှင့် ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများဖြစ်သည့် မလေးရှား၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့မှ ပြန်ကြားရေးဆိုင်ရာ ဒုတိယဝန်ကြီးနှင့် အဆင့်မြင့် အရာရှိကြီးများ၊ ကောင်စစ်ဝန်ချုပ်များ၊ အာဆီယံနိုင်ငံများ၏ မီဒီယာဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးဦးရဲတင့်နှင့် အဖွဲ့သည် အာဆီယံ-တရုတ် မီဒီယာဖိုရမ် တက်ရောက်ကြသည့် အဆင့်မြင့်အရာရှိကြီးများနှင့်အတူ နန်နင်းမြို့ရှိ ကွမ်ရှီးမနုဿဗေဒဆိုင်ရာ ပြတိုက်သို့ သွားရောက်လေ့လာကြသည်။

သတင်းစဉ်

မူဆယ်ခရိုင် ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှိုင်မင်းစိုးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးဇော် ဦးစီးတပ်ဖွဲ့ဝင် ၃၄ ဦးနှင့် အခြားဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်း၍ မူဆယ်မြို့ အထက(၃)၌ အောက်တိုဘာ ၂၁ ရက် နံနက် ၇ နာရီက ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြစဉ်။

ခရိုင်(ပြန်/ဆက်)

ကြံသီးနှံ လမိုင်းအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ခြင်းနှင့် စနစ်တကျခုတ်သိမ်းခြင်း နည်းပညာပေးဆွေးနွေး

ရေတာရှည် အောက်တိုဘာ ၂၃

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ကြံသီးနှံလမိုင်းအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ခြင်းနှင့် စနစ်တကျခုတ်သိမ်းခြင်း နည်းပညာပေးဆွေးနွေးပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက ဘိုးတော်ကုန်းကျေးရွာအုပ်စု စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတိုးတက်မှုမြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဥက္ကာသန်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ကြံသီးနှံမျိုးသန့်ခြံ (ဘိုးတော်ကုန်း)တာဝန်ခံဦးဇော်မြင့်နိုင်က ကြံပန်းတိုင်အထွက်နှုန်းပြည့်မီရေး၊ စနစ်တကျခုတ်သိမ်းရေး နည်းလမ်းများ အသိပညာပေးဆွေးနွေးခဲ့သည်။ ထို့နောက် တောင်သူများက သိရှိလိုသည်များ မေးမြန်း ဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ကြံစိုက်ပျိုးသည့်ကျေးရွာအုပ်စုများမှ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ ရေတာရှည်အမှတ်(၆)သကြားစက်တာဝန်ခံနှင့် ကြံစိုက်တောင်သူများ စုစုပေါင်းအင်အား ၈၀ ခန့်တက်ရောက်ခဲ့ပြီး ကြံသီးနှံအထွက်တိုးစေရေးနှင့်ပတ်သက်သည့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်းနှင့် မြို့နယ်အတွင်း ၂၀၂၃-၂၀၂၄ ခုနှစ် ကြံရာသီတွင် ခင်းသစ် ၉၄၄၈ ဧက၊ လမိုင်း ၃၅၃၈ ဧက စုစုပေါင်း ၁၂၉၈၆ ဧက စိုက်ပျိုးထားရှိကြောင်း သိရသည်။

ရေတာရှည်(ပြန်/ဆက်)

နည်းပညာဆိုင်ရာသုတေသနဖွံ့ဖြိုးရေးသင်တန်းဖွင့်လှစ်၊ နွား၊ ကြက်၊ ဝက်၊ ငါး မျိုးကောင်းမျိုးသန့် မွေးမြူထုတ်လုပ်ရေးဘာသာရပ်များ ပို့ချဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၃

မွေးမြူရေးဆိုင်ရာ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးအတွက် နွား၊ ကြက်၊ ဝက်၊ ငါး မျိုးကောင်းမျိုးသန့် မွေးမြူထုတ်လုပ်ရေးသင်တန်းကို ယနေ့နံနက်ပိုင်းက နေပြည်တော် ရေဆင်းရှိ မွေးမြူရေးသုတေသနဦးစီးဌာန၌ ကျင်းပရာ အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် တာဝန်ရှိသူများ၊ ကာကွယ်ရေးဝန်ကြီးဌာန ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ညွှန်ကြားရေးမှူးရုံးနှင့် မြန်မာစီပီလိုက်(ဖ်)စတော့(ခ်) ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းပို့ချပေးကြမည့် ပညာရှင်များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ပြောကြား

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လယ်ယာ၊ သား၊ ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်မီနည်းပညာများ အသုံးပြုပြီး ဘက်စုံကဏ္ဍစုံ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာရေးကို ရည်မှန်းချက်၊ ဦးတည်ချက်ထားဆောင်ရွက်လျက်ရှိကြောင်း၊ စားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ အာဟာရပြည့်ဝရေးအတွက် ပြောင်းလဲလာသည့် ရာသီဥတုနှင့် ညီညွတ်သော မွေးမြူရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် သုတေသနရလဒ်ကောင်းများရရှိရေး၊ မျိုးကောင်းမျိုးသန့်များနှင့် နည်းပညာသစ်များ ရှာဖွေဖော်ထုတ်ပေးနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သုတေသနလုပ်ငန်းများ ပြည့်ဝစွာဆောင်ရွက်နိုင်ရန်အတွက် သုတေသနပညာရပ်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကိုလည်း စီမံဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ယနေ့နည်းပညာဆိုင်ရာသုတေသန ဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ် နွား၊ ကြက်၊ ဝက်၊ ငါး မျိုးကောင်းမျိုးသန့် မွေးမြူထုတ်လုပ်ရေးသင်တန်း ဖွင့်လှစ်ဆောင်ရွက်သကဲ့သို့ နည်းပညာပေးသင်တန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မွေးမြူရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းနိုင်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်နှင့် နွား၊ ကြက်၊ ဝက်၊ ငါး မွေးမြူမှုနှင့် ဆောင်ရွက်မည့် သုတေသနလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

မြန်မာနိုင်ငံ၏ ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီ၍ ရောဂါဒဏ်ခံနိုင်ပြီး ထုတ်လုပ်မှုကောင်းသည့် မျိုးကောင်းမျိုးသန့် တိရစ္ဆာန်များ မွေးမြူထုတ်လုပ်ရေး သုတေသန နည်းပညာသစ်များ ဖော်ထုတ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်မည့် အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၄၂ ဦး တက်ရောက်လေ့လာလျက်ရှိပြီး နွားမျိုးမြှင့် သားဖောက်ခြင်းနှင့် မျိုးကောင်းမျိုးသန့် မွေးမြူထုတ်လုပ်ခြင်းဆိုင်ရာ ဘာသာရပ်၊ ဒေသကြက် မျိုးမြှင့်တင်ခြင်းနှင့် မျိုးကောင်းမျိုးသန့် မွေးမြူထုတ်လုပ်ခြင်းဆိုင်ရာ ဘာသာရပ်၊ ဝက်မျိုးမြှင့်တင်ခြင်းနှင့် မျိုးကောင်းမျိုးသန့် မွေးမြူထုတ်လုပ်ခြင်းဆိုင်ရာ ဘာသာရပ်၊ ငါး၊ ပုစွန်အစာ အာဟာရဗေဒဘာသာရပ်နှင့် ငါးမျိုးမြှင့်သားဖောက်ခြင်းနှင့် မျိုးကောင်းမျိုးသန့် မွေးမြူထုတ်လုပ်ခြင်းဆိုင်ရာ ဘာသာရပ်များနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးဖွံ့ဖြိုးတိုးတက်စေရန် ခေတ်မီနည်းပညာများ အသုံးချခြင်း ဘာသာရပ်များကို ပို့ချသွားကြမည်ဖြစ်ကြောင်း၊ ဆက်လက်၍ နွား၊ ကြက်၊ ဝက် မေထုန်မဲ့သားစပ်နှင့် ငါးသားပေါက်သင်တန်းများကိုလည်း ဖွင့်လှစ်ပေးသွားရန် စီမံထားရှိကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၃ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲစတုတ္ထနေ့ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၃

၂၀၂၃ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲစတုတ္ထနေ့ကို နေပြည်တော်ရှိမဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

စိတ်ကြိုက်လေ့လာကြည့်ရှု

နံနက်ပိုင်းမှ စတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် ကျောက်မျက်အတွဲ (၁၆၀) ကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်မျက်အတွဲ ၇၃ တွဲ ရောင်းချရကြောင်း ကြေညာသည်။

ပြပွဲ ပဉ္စမနေ့တွင် ရောင်းချမည့် ကျောက်စိမ်းအတွဲပေါင်း ၇၅၀ ကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးအတွင်းသို့ ထည့်သွင်းကြသည်။

ကျောက်စိမ်းအတွဲပေါင်း ၇၅၀ အတွက် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက မွန်းလွဲ ၃ နာရီတွင် ပိတ်သိမ်းပြီး တင်ဒါပုံးများကို ဖွင့်ဖောက်စစ်ဆေးကာ ရောင်းချရသည့် ကျောက်စိမ်းအတွဲများအား အောက်တိုဘာ ၂၄ ရက် နံနက် ၈ နာရီတွင် ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များကို ပုလဲအတွဲပေါင်း ၃၀၀ အားအိတ်ဖွင့်တင်ဒါစနစ်ဖြင့် အောက်တိုဘာ ၂၁ ရက်မှ ၂၂ ရက်အထိ ရောင်းချပေးခဲ့ရာ ပုလဲအတွဲပေါင်း ၃၀၀ ရောင်းချပေးနိုင်ခဲ့သည်။

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်နှင့် လက်ဝတ်ရတနာ အရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

ယခုကျင်းပပြုလုပ်သည့် ၂၀၂၃ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေး အကျိုးဖြစ်ထွန်းမှုများ ရရှိစေရန်အတွက် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၏ စီစဉ်မှုဖြင့် အောက်တိုဘာ ၂၀ ရက်မှ ၂၈ ရက်ထိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပနေခြင်းဖြစ်သည်။

သတင်းစဉ်

အလုပ်တွင်ထိခိုက်သေဆုံးခြင်းအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေး

ရန်ကုန် အောက်တိုဘာ ၂၃

ရန်ကုန်တိုင်း ဒေသကြီး သန်လျင်မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော ကေတုမတီကုမ္ပဏီလီမိတက်မှ လုပ်ငန်းခွင် ပြင်ပထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ထုတ်ပေးခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာတိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယ ညွှန်ကြားရေးမှူးက သန်လျင်မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော အဆိုပါကုမ္ပဏီမှ အာမခံအလုပ်သမား ဦးဘိုးလုံးသည် ဇူလိုင်၂၃ ရက်တွင် အလုပ်တာဝန်ထမ်းဆောင်နေစဉ် လုပ်ငန်းခွင်ပြင်ပထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ခွင့်ပြုငွေကျပ် ၅၄၄၈၀၀၀ ကို ယောက္ခမဖြစ်သူ ဒေါ်သန်းသန်းအေးထံသို့ အလုပ်ဌာနမှ တာဝန်ရှိသူများ၊ အလုပ်သမားညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ ရှေ့မှောက်တွင် ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။

ကြေးမုံ

ကျုံပျော်မြို့နယ်၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ် ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေး

ကျုံပျော် အောက်တိုဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက အယ်လ်နီညိုရာသီဥတုကြောင့် ငါးမွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများနှင့် ကြိုတင်ကာကွယ်ရေး အသိပညာပေးလှုပ်ရှားမှု ရက်သတ္တပတ်အနေဖြင့် ကျုံပျော်မြို့နယ် ရှားခဲကျေးရွာအုပ်စု၌ ငါးမွေးမြူရေးတောင်သူများအား အသိပညာပေးခြင်းကို ယနေ့နံနက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျုံပျော်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများက အယ်လ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်နိုင်သည့် ငါးမွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများဖြစ်သည့် ငါးများ အစာနှင့် ရေရှားပါးခြင်း၊ မျိုးပွားနှုန်းကျဆင်းခြင်း၊ အာဟာရမပြည့်ဝခြင်း၊ ကူးစက်ရောဂါများ ဖြစ်ပေါ်လာနိုင်ခြင်းတို့ကြောင့် ကြိုတင်ကာကွယ်နိုင်ရေးနှင့် ပြင်ဆင်ဆောင်ရွက်ထားသင့်သည်များကို ရှင်းလင်းဆွေးနွေး ပြောကြားပြီး ကျုံပျော်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများက အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

ရိုးရာဖြင့် မျိုးဆက်ပါ

ကိုဇော်ဌေး(ယဉ်ကျေးမှု)

သိမ်မွေ့နူးညံ့သည့် အဆို၊ အက၊ အရေး၊ အတီး အနုသုခုမပညာရပ်များ ထွန်းကားခဲ့ကြောင်း ခရစ်နှစ် ၈၀၂ ခုနှစ်တွင် ပျူအနုပညာရှင် ၃၅ ဦးပါဝင်သောအကအဖွဲ့ တရုတ်နိုင်ငံ ချန်အန်းမြို့သို့ သွားရောက်ခဲ့သည့်မှတ်တမ်းအရ သိနိုင်သည်။ ထိုအဖွဲ့ကို တရုတ်တို့က လှိုက်လှဲစွာကြိုဆိုခဲ့သည်။ တရုတ်ဘုရင်ခံ “ဝေကောင်း”သည် ပျူဂီတကို သင်္ကေတဖြင့်လည်းကောင်း၊ ပျူတို့၏ ကဟန်ကကွက်နှင့် တူရိယာများကို ရုပ်ပုံများရေးဆွဲ၍လည်းကောင်း မှတ်တမ်းတင်ခဲ့သည်။ ယင်းအကြောင်းကို ထန်မင်းဆက်သမိုင်းသစ်တွင် ဖော်ပြခဲ့ကြသည်။ ပျူတီးဝိုင်းတွင် တူရိယာပစ္စည်း ၂၂ မျိုးပါရှိပြီး သံစဉ်ခုနစ်မျိုးဖြင့် တီးမှုတ်၍ရသည့် ပလွေတူရိယာလည်းပါရှိကြောင်း သမိုင်းမှတ်တမ်းများတွင် ဖော်ပြထားသည်ကို တွေ့နိုင်သည်။ ဖော်ပြချက်များအရ လွန်ခဲ့သည့်နှစ်ပေါင်း နှစ်ထောင်ကျော်ကတည်းကပင် သံစဉ်ခုနစ်ပါးကို အသုံးပြုနိုင်ခဲ့ကြောင်း သိရသည်။ တူရိယာပစ္စည်းအားဖြင့်လည်း စုံစုံလင်လင်ဖြင့် အဆင့်မြင့်စွာအသုံးပြုနိုင်ခဲ့သည်မှာ ထင်ရှားသည်။

ပြည်မှော်ဇာအရပ်တွင် တွေ့ရသည့် သရေခေတ္တရာခေတ် အုတ်ခွက်တစ်ခုမှ တစ်ကြောင်းဆွဲ ရုပ်ကြွတစ်ခုတွင် ကခုန်နေကြသော လူသုံးဦးကို တွေ့မြင်ရသည်။ လက်ယာဘက်ရှိ လူနှစ်ဦးမှာ တစ်ဦးနှင့်တစ်ဦး ယှဉ်တွဲလျက်၊ လက်ဝဲဘက်ရှိ အမျိုးသားက မိမိလက်ယာဘက်မှ အမျိုးသမီး၏လည်ပင်းကို ဖက်လျက် ကခုန်နေကြသည်။ အကပညာနှင့် ပတ်သက်၍ အစောဆုံးသောအထောက်အထားပင်ဖြစ်သည်။ ကချေသည်တို့၏ ကခုန်ဟန်ကို လောကနန္ဒာစေတီ မလှမ်းမကမ်းရှိ ရွှေဖက်လိပ်၊ ငွေဖက်လိပ်စေတီများရှိ အုတ်ခွက်အချို့၌လည်း တွေ့ရသည်။

ပဲခူးခရိုင် ဝေါမြို့နယ် ကျုံတူးဘုရားမှရသော ရုပ်ကြွတစ်ခုတွင် ဗုံနှင့်သဏ္ဍာန်တူသောတူရိယာကို တီးမှုတ်လျက် ပျော်ပါးမြူးထူးနေသူ ခြောက်ဦးပါသော အကနှင့်ပတ်သက်သည့် အထောက်အထားကို ရခဲ့သည်။ အလယ်လူမှာ ဗုံကို လွယ်လျက်ကနေသည်။ ရှေ့ဆုံးတန်းသုံးဦးအနက် လက်ယာဘက်ဆုံးလူမှာ ဗုံ သို့မဟုတ် ပတ်သာကို တီးလျက်ရှိသည်။ လက်ဝဲဘက်ဆုံးလူကိုင်ထားသော တူရိယာမှာ မထင်ရှားလှချေ။

ပုဂံမြို့ မြင်းကပါရွာ အပယ်ရတနာစေတီ အူတိုင်ဖောင်းရစ်တွင် အိန္ဒိယအမျိုးသားတစ်ဦး လင်းကွင်းတီးနေဟန်ဆေးရေးပန်းချီကားတစ်ခုကို တွေ့ရပြန်သည်။ ယင်းမှာ သက္ကရာဇ် ၅၅၉ ခုထိုး ပုဂံမြို့ သူဌေးမုတ်ဂူဘုရားကျောက်စာလာ ‘ကုလာကခြိယ် ၅’ ဟူသောရေးသားချက်ကို ထောက်ခံလျက်ရှိသည်။

ဆိုခဲ့သည့် ပုဂံခေတ်ရုပ်ကြွများ၊ နံရံဆေးရေးပန်းချီများ၊ သစ်သားပန်းပုများ၊ အုတ်ခွက်များမှလည်း ကဟန်အမျိုးမျိုးကို တွေ့နေရ၍ ပုဂံခေတ်တွင် တူရိယာနှင့်တွဲဖက်လျက် ကခုန်မှုများ ပေါ်ပေါက်နေပြီဟုဆိုရမည်ဖြစ်သည်။ ပန်းချီ၊ ပန်းပု၊ ပန်းတမော့ စသည့်ပန်းဆယ်မျိုးပညာရပ်တွင် ခြူးပန်း၊ ခြူးနွယ်၊ ကနုတ်တို့သည် အဝန်းအဝိုင်းများဖြင့် သွဲ့ပျောင်းနွဲ့နှောင်း ချိတ်ဆက်ကာ လှပနေကြဟန်သည် မြန်မာအက၏ပုံရိပ်နိမိတ်များပင် ဖြစ်လာတော့သည်။

အေဒီ ၁၃ ရာစုတွင် စတင်လာသည့် ပထမအင်းဝခေတ်ဟု မည်တွင်သည့် မြင်စိုင်း၊ ပင်းယခေတ်များတွင် ကဗျာ၊ လင်္ကာ၊ တေးသီချင်းများ ပိုမိုထွန်းကားလာခဲ့သည်။ ဘုရင်မင်းများ၊ မင်းညီမင်းသားများကိုယ်တိုင် အနုပညာလိုက်စားခဲ့သည်ကိုလည်း တွေ့ရသည်။ ငါးစီးရှင်ကျော်စွာ၏ တျာချင်း၊ ကာချင်းများသည် သက်သေပင်ဖြစ်သည်။ ငါးစီးရှင်ကျော်စွာကိုယ်တိုင် ရေးဖွဲ့သီဆိုပြီး စွမ်းရည်ပြအကများ ကခုန်ခဲ့သည်ကိုလည်း တွေ့ရသည်။ ကာကဆိုသည်မှာ ဗန်းငယ်ကဲ့သို့ ခပ်ဝိုင်းဝိုင်း ပုံသဏ္ဍာန်ရှိသောကာကို လက်နှစ်ဖက်ဖြင့်ကိုင်လျက် ကခုန်ရသောအတတ်ပညာပင်ဖြစ်သည်။ အတူကသူတို့က ဓား၊ လှံတို့ဖြင့် ထိုးခုတ်သည်ကို မထိရလေအောင်ကာကွယ်၍ ကရသော လေ့ကျင့်မှုတစ်ရပ်ကို ကာအကဟုခေါ်ခြင်းဖြစ်သည်။ သီဆိုသောသီချင်းကိုမူ ကာချင်းဟုခေါ်သည်။ ပင်းယဘုရင်သီဟသူ၏ မြင်းခင်းတော်အဖွဲ့အန္တဲ့ဖြစ်သည့် “ခါးပတ်တော်မှာ ရွှေချည်စုံ” ဟူသည့်သီချင်းသည် အဆို၊ အရေးပညာများ ဖွံ့ဖြိုးနေကြောင်း ပြောပြခြင်းပင်ဖြစ်သည်။

ဒုတိယအင်းဝခေတ်ခေါ် ညောင်ရမ်းခေတ်တွင် အဆို၊ အကများ ပါဝင်သည့် ပြဇာတ် စတင်ပေါ်ပေါက်လာသည်။ နတ်ချင်းများ ရေးဖွဲ့သီကုံးပြီး ကဟန်မျိုးစုံဖြင့် ကခုန်လာကြသည်။ နတ်ချင်းများကို ရိုးရာသီချင်းများအဖြစ် ယနေ့တိုင်သတ်မှတ်သုံးစွဲ ကခုန်လျက်ရှိသည်မှာ မငြင်းနိုင်သောအချက်ပင်ဖြစ်သည်။ နတ်အကများ၊ နိပါတ်ခင်းအကများ၊ မြေဝိုင်းအကများသည် ထိုစဉ်ကာလကတည်းက နိုးထနေကြပြီးဖြစ်သည်။ တစ်ပင်တိုင်အကနှင့် အငြိမ့်များပင် စတင်နေခဲ့ကြောင်း သုတေသီတို့က ကောက်ချက်ချကြသည်။

ယနေ့ထွန်းကားနေသည့် ဂီတပုံသဏ္ဍာန်သည် အင်းဝခေတ်တွင် စတင်အခြေတည်သည်ဟုလည်း ပြောလိုကပြောနိုင်သည်။ တေးသီချင်းအနေဖြင့် စပ်ဆိုထားသည့် ကြိုး၊ ဘွဲ့၊ ယိုးဒယား၊ သီချင်းခံ စသည့်တေးသီချင်းများသည်လည်း အခြားတစ်ဖက်တွင် စာပေအနှုန်းအဖွဲ့၊ ရသ၊ အလင်္ကာတို့ဖြင့် ကြွယ်ဝလှသည့် ကဗျာ၊ လင်္ကာများဖြစ်နေသည်ကို တွေ့ရသည်။ မြန်မာစာပေ၏ ခံ့ထည်မှု၊ ပရိယာယ်ကြွယ်ဝမှု၊ လှပသိမ်မွေ့မှုတို့ကို မဟာဂီတ တေးသီချင်းများအဖြစ် တွေ့မြင်လာကြရသည်။

မဟာဂီတကျမ်းများအဖြစ် အစောဆုံးပြုစုမှတ်တမ်းတင်သည့် ကျမ်းမှာ ဘိုးတော်ဘုရားလက်ထက် သက္ကရာဇ် ၁၁၅၀ (ခရစ်နှစ် ၁၇၈၈) ခန့်က မုံရွေးဆရာတော် အရှင်အရိယအာဒိစ္စရံသီ ပြုစုခဲ့သည့် “အခြင်းစုံ” ခေါ် “ဟာသဇဝနဥဏမဉ္ဇူရီကျမ်း”ကြီးဖြစ်သည်ဟု ဆိုကြသည်။ ၎င်းကျမ်းသည် ပုံနှိပ်ကျမ်းအဖြစ်သို့ ရောက်မလာဘဲ ဘားနတ်ပိဋကတ်တိုက် ပေမူအဖြစ်သာ ရှိနေခဲ့သည်။ ကျမ်းပါသီချင်းတို့ကို အခြင်းဟု ခေါ်ဆိုထားပြီး ၃၂၈ ခြင်း (သီချင်း ၃၂၈ ပုဒ်) ပါဝင်လေသည်။ ကြိုးဟောင်းများ၊ ဘွဲ့သီချင်းများနှင့် သီချင်းခံတို့ကို ဖော်ပြထားရာ နှောင်းခေတ်မဟာဂီတကျမ်းတွင် မပါဝင်သောသီချင်းကြီးအများအပြားတွေ့ရသည်။ အသံကို အမှတ်အသားပြုသော “တေ ဒူ လေ ထံ ဗျန့်၊ တျောထပ်တျလေတည့်၊ တျောထပ်တျာ၊ တံတျာတေထပ်တျာ” စသည့် သင်္ကေတအက္ခရာများဖြင့် တစ်ပုဒ်လုံးရေးထားသောသီချင်းပုဒ်ရေ အတော်အတန်ပါရှိသည်။

မဟာဂီတ တေးသီချင်းများသည် အသံ၏ဟန်ပန် ခံ့ညားသလို စကားလုံးအဓိပ္ပာယ်ကလည်း လေးနက်သည်။ ဖျော်ဖြေမှုသက်သက်မဟုတ်ဘဲ အနုပညာရသနှင့် စိတ်ဓာတ်ရေးရာမြင့်မားမှုကိုပါ ဆွဲဆောင်ကြသည်။ အရေးအသားကို လေ့လာကြည့်ပါက စာဆိုတို့သည် လောကအရေး၊ ဓမ္မအရေး၊ ရာဇအရေးနှင့် လူမှုရေးနယ်ပယ်စုံအောင် နှံ့စပ်ကျွမ်းဝင် ကျင်လည်စွာ ရေးစပ်နိုင်ကြသည်။ ထို့ကြောင့် မြန်မာ့ဂီတသည် နယ်ပယ်စုံတွင် တွင်ကျယ်လာကြသည်။ ကျေးလက်ဒေသများတွင် မိုးခေါ်ပွဲ၊ လယ်ပုံချပွဲ၊ ကောက်ရိတ်သိမ်းပွဲ စသည့် လုပ်ငန်းခွင်ပွဲတော်များတွင် အဆို၊ အရေးဟု ပြောနိုင်သည့် ဂီတသည် ယှဉ်တွဲပါလာကြသည်။ ကိုးကွယ်မှုနယ်ပယ်ဖြစ်သည့် ဘာသာရေးပွဲတော်များဖြစ်သော သီတင်းကျွတ်ပွဲတော်၊ ညောင်ရေသွန်းပွဲတော်၊ ရဟန်းခံရှင်ပြုပွဲတော်များတွင် အဆို၊ အက၊ အတီးများဖြင့် ထုံမွမ်းလာကြသဖြင့် မြန်မာ့အနုပညာသည် နိုင်ငံရေး၊ လူမှုရေး၊ ဘာသာရေး စသည့် နယ်ပယ်အစုံစုံတွင် ဂုဏ်တင့်တယ်စွာဖြင့် မပါမဖြစ် ပါဝင်လာကြရသည်။ မြန်မာ့အနုပညာ ပါဝင်မှသာ အင်္ဂါစုံသည်ဟု ပြောသည်အထိ ခရီးပေါက်မြောက်ခဲ့သည်။

ပျူ၊ ပုဂံခေတ်တို့တွင် သန္ဓေတည်ပေါက်ဖွားခဲ့သည့် မြန်မာတို့၏ အဆို၊ အက၊ အရေး၊ အတီးဆိုင်ရာ အနုသုခုမပညာရပ်များသည် ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ်တို့တွင် အထွန်းကားဆုံး၊ စည်ပင်တိုးတက်ဆုံးဟု ဂုဏ်ယူကာ ပြောနိုင်လာခဲ့သည်။ ထိုခေတ်၏ ယဉ်ကျေးမှုဟု ပြောကြလျှင် ထိုခေတ်၏ သဘင်ကိုပင် မျက်နှာစာအဖြစ် တင်ကာ ပြောခဲ့ကြသည်။ သဘင်ကိုပင် ကုန်းဘောင်ခေတ်က လေးမျိုးလေးစား ခွဲခြား၍ထားလေသည်။ ယင်းတို့မှာ-

အနိမ့်သဘင်

ထိုခေတ် မြေဝိုင်းသဘင်ကို ခေါ်ဆိုခြင်းဖြစ်သည်။ ယင်းတွင် ယောကျ်ား၊ မိန်းမနှစ်မျိုးပါဝင်သည်။ ကပြသောနေရာတွင် နတ်ပွဲများမပေးမီ ဖိနပ်မစီးကြရပေ။ စင်အမြင့်ဖြင့် မကပြကြရပေ။ အကြောင်းမှာ ဗုဒ္ဓဝါဒီ၏ထုံးစံအားဖြင့် သက်ကြီးဝါကြီးများက အောက်မှနေ၍ ကြည့်ကြသော် မတင့်တယ်သောကြောင့်ဖြစ်သည်။

အမြင့်သဘင်

ရုပ်သေးသဘင်ကို ခေါ်ဆိုခြင်းဖြစ်သည်။ ရုပ်သေးကို ကပြရာတွင် မိန်းမများ မပါဝင်ကြဘဲ ယောကျ်ားများသာ ပါဝင်ကြသည်။ မင်းသားမင်းသမီးအားလုံး ယောကျ်ားချည်းသာဖြစ်သည်။ ကြိုးဆွဲသူက တခြား၊ သီဆိုသူက တစ်ယောက်ဖြစ်သည်။

အတီးသဘင်

လက်ဖြင့် တီးခတ်ရသော တူရိယာနှင့် လေဖြင့်မှုတ်ရသော တူရိယာအမျိုးအစားအားလုံး ပါဝင်သည်။ အတီးသဘင်သည် ကနဦးက လူတို့ စည်းညီဝါးညီ ကိုယ့်ကိုယ်ကိုရိုက်ခတ်ခြင်းမှ စတင်ခဲ့သည်ဟုဆိုကြသည်။ ပျူခေတ်တူရိယာ ၂၂ မျိုးကပင် အတီးသဘင်၏ မျိုးစေ့ဖြစ်ခဲ့ပုံရသည်။

အဆိုသဘင်

အသံအနိမ့်အမြင့်၊ အတိုအရှည်၊ အဆွဲအဟဲတို့ဖြင့် ပြွမ်းသော သီချင်းကြီး၊ သီချင်းခံ၊ ကြိုး၊ ပတ်ပျိုး၊ ဘွဲ့၊ ကဗျာ၊ လင်္ကာ အစရှိသည်တို့ကို စည်းဝါးကျနသီဆိုမှုကို အဆိုသဘင်ဟု ခေါ်သည်။ ထို့ကြောင့်ပင် ကုန်းဘောင်ခေတ် အနုပညာသည် အရှိန်အဟုန်ကြီးစွာ ထွန်းကားခဲ့သည်။

ယနေ့တိုင် အရိပ်အငွေ့တို့ တင်ကျန်ဆဲဖြစ်သည်ကို လက်ခံကြသည်။ ထိုနယ် အနုပညာရေစီးကြောင်းသည် ရှင်သန်စီးဆင်းလျက်ရှိနေခဲ့သည်။ မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပညာများသည် ထိုနယ် အစဉ်အလာကောင်းများဖြင့် ဖြစ်တည်လာခဲ့သည်။

သမိုင်းခရီးတွင်လည်း မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်များနှင့် မကွဲမပြား အမြဲထာဝရ ထပ်တူကျခဲ့သည်မှာလည်း ဂုဏ်ယူစရာပင်ဖြစ်သည်။

စာမျက်နှာ ၁၁ သို့ ✦

“မြန်မာနိုင်ငံတွင်းသို့ တိုင်းတစ်ပါးယဉ်ကျေးမှုများ ထိုးဖောက်လွှမ်းမိုးလာနေသည်မှာ မငြင်းဆိုနိုင်သော စကားဖြစ်သည်။ ဒီမိုကရေစီနှင့်အတူ စိမ့်ဝင်ပျံ့နှံ့လာသော အရေးအရာကိစ္စများ များပြားလာလေသည်။ မျိုးဆက်သစ်လူငယ်များအနေဖြင့် မြန်မာ့အက၊ မဟာဂီတ စသည့် ခက်ခဲနက်နဲ၍ သိမ်မွေ့သော အနုသုခုမရိုးရာအစစ်အမှန်ကို ထိတွေ့ခံစားခွင့်သည်လည်း အလှမ်းဝေးကွာသွားတော့သည်။ ထိုသို့ အလှမ်းဝေးကွာသွားခြင်းမရှိစေရန် နိုင်ငံတော်က မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ကျင်းပပေးလာခြင်းအား ကြိုဆိုရမည်သာဖြစ်သည်။ ကြိုတင်ကာကွယ်တားဆီးခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်သည်ဟုလည်း လက်ခံမိ”

အနုပညာပန်းဝတ်ရည်များသို့

☆ ခေါင်းခါးခြေလက်၊ အလွန်သွက်၍
ကကွက်မြူးကြွ၊ ကိုယ်ဟန်လှုကာ
တုပမမီ၊ သံစုံမြည်အောင်
တီးသည့်ဆိုင်းသံ၊ ပြောပုံသံနှင့်
မိုးယံချဉ်းတိုင်၊ နွဲ့ယဉ်ပြိုင်ကြ
ခိုင်မာယဉ်ကျေးမှု၊ ရှေ့သို့ရှုလျက်
အနုသုခုမ၊ စုံလင်လှသည်
ဆိုကရေးတီးပွဲတော် တူနွဲ့ပျော်။

☆ ဂီတဟူသည်၊ နားဝင်ပီ၍
ဂုဏ်ရည်ပြည့်ဝ၊ နူးညံ့လှ၏
ကပြဟန်ပန်၊ ချိုးကြွဟန်နှင့်
တီးသံခတ်သံ၊ ဝင့်ကြွားမာန်က
စံထားသဖွယ်၊ ကော့ညွတ်သွယ်လျက်
ပန်းနှယ်လှပ၊ ရှုမဝတည့်
ပြထားစွမ်းပကား လွန်စည်ကား...။

☆ ရိုးရာအမွေ၊ ဆက်ခံလေ၍
ရေခြားမြေခြား၊ တိုင်းတစ်ပါးမှ
များပါ့တုပ၊ ရောက်ခဲ့ကြလည်း
ဘိုးဘွားမွေကို၊ မြတ်နိုးပို၍
ဆိုကရေးတီး၊ ပွဲတော်ကြီးကို
ချီးမြှောက်ခဲ့ရာ၊ နှစ်များကြာပြီ
ခုခါနှစ်ဝယ်၊ အံ့ဩဖွယ်က
ကြီးကျယ်ဇာတ်မှာ၊ မဟော်သဓာတည့်
ထည်ဝါပြကွက်၊ ခမ်းနားလျက်ဖြင့်
တင်ဆက်သွားမှာ ဂုဏ်ယူစွာ...။

☆ သြော်...
အောက်တိုဘာလ၊ ချမ်းအေးမြ၍
ကျစနှင်းမှုန်၊ မိုးတို့ကုန်သော်
ထုံသင်းမွှေးပျံ့၊ ဆောင်းရနံ့နှင့်
ကြည်သန့်ရာသီ၊ ချိန်ခါသည်ကား
ရေးမည်ဆိုမည်၊ ကကြိုးစီလျက်
တီးသည့်အိုးစည်၊ ထုံထုံမြည်သော
ပီယံနားဝင်၊ ပွဲသဘင်သည်
ချစ်ခင်မြန်မာ၊ မြတ်နိုးစွာဖြင့်
ရိုးရာအမွေ၊ ထိန်းသိမ်းလေသည်
အောင်စေအတိတ်၊ အောင်နိမိတ်တို့
ဖိတ်လျက်ဝေလျှံ၊ မြန်မာ့ဟန်သည်
ထက်သန်ရှင်သန်နေဦးမည်။
အနုပညာ ပန်းဝတ်ရည်။ ။

ရဲမင်းစိုး

[၂၀၂၃ ခုနှစ် အောက်တိုဘာလ (၂၄)ရက်တွင် နေပြည်တော်၌ စတင်ကျင်းပသည့် ဗဟိုအဆင့် အဆို၊ အက၊ အရေး၊ အတီး ပွဲတော်ကြီးသို့ ဂုဏ်ပြုရေးဖွဲ့ပါသည်။]

✦ စာမျက်နှာ ၁၀ မှ

အိမ်နီးချင်းနိုင်ငံများနှင့် ကူးလူးဆက်ဆံရောင်းဝယ်ဖောက်ကား သွားလာမှုများ ရှိခဲ့သော်လည်း တစ်ပါးနိုင်ငံ၏ ယဉ်ကျေးမှုများ ကူးစက်မခံခဲ့ရသည်ကိုလည်း တွေ့ရသည်။ မှီငြမ်းပြုသည်ဟု ဆိုနိုင်သောအရာများ ရှိလင့်ကစား မြန်မာအငွေ့သည် ကဲလွန်လျက်သာရှိသည်။

တင့်တယ်ဝင့်ထည်ခဲ့သည့် မြန်မာ့ယဉ်ကျေးမှုတို့သည် ထီးနန်းပျက်သုဉ်းပြီး သူ့ကျွန်ဘဝရောက်ချိန်တွင် နှိမ့်ချဆက်ဆံခံရကာ လူတန်းစားခွဲခြားမှုကိုပါ ခံလာကြရသည်။ မြန်မာဘုရင်များ လက်ထက်က အနုပညာရှင်များကို အမြတ်တနိုးပေးလေ့ရှိသည့် "မြစိမ်းခွက်နှင့် ပွဲတော်ကျ" ကိုပင် "ဖက်ခွက်စား"ဟု နှိမ့်ကျသည့်အဓိပ္ပာယ်ဖြင့် ချိုးနှိမ်ခေါ်ဝေါ်လာသည်အထိ သက်ရောက်ခဲ့သည်။ ထိုအခေါ်အဝေါ်သည် မြန်မာ့ဇာတိသွေး၊ ဇာတိမာန် နှိမ့်ပါးစေရန်နှင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ဓလေ့ထုံးတမ်းများ ကွယ်ပျောက်စေရန် အစီအစဉ်တကျ နှိပ်ကွပ်ကြသည့် လုပ်ရပ်များပင်ဖြစ်သည်။ နယ်ချဲ့တို့၏ သဘောသဘာဝအတိုင်း စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေး ဘက်ပေါင်းစုံက ချုပ်ကိုင်လာနိုင်ချိန်တွင် သူတို့၏ ယဉ်ကျေးမှုကို တဖြည်းဖြည်းလွှမ်းမိုးတွင်ကျယ်စေရန် သွတ်သွင်းလာကြတော့သည်။ မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက်တို့သည်လည်း မှေးမှိန်နိမ့်လျှောလာခဲ့ကြသည်။ ယဉ်ကျေးမှုဓလေ့စရိုက် နိမ့်လျှောခြင်းနှင့်အတူ အမျိုးဘာသာ၊ သာသနာနှင့် စိတ်ဓာတ်ရေးရာပိုင်းတို့ တွင်ပါ ညှိုးနွမ်းပျက်စီးခဲ့ကြသည်။ ထို့ကြောင့်ပင် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုတစ်လျှောက်တွင် မျိုးချစ်စိတ်ဓာတ် ပြန်လည်ထွန်းကားရေး၊ အမျိုးဘာသာ၊ သာသနာ ပြန်လည်ထွန်းပြောင်ရေးနှင့် တိုင်းတစ်ပါး ယဉ်ကျေးမှုလွှမ်းမိုးခြင်းကို ကာကွယ်တားဆီးရေးတို့ကို အမျိုးသားရေးအမြင်ဖြင့် စတင်ကြိုးပမ်းခဲ့ကြသည်မှာ အထင်အရှားပင်ဖြစ်တော့သည်။

ကြိုးပမ်းမှုကြောင့်ပင် မြန်မာတို့၏ သဘင်ဂီတအနုပညာတို့သည် ပရမ်းပတာ စည်းလွတ်ဝါးလွတ်ဖြစ်သွားခြင်း မရှိခြင်းဖြစ်သည်။ အားနည်းချက်တချို့ရှိနိုင်ကောင်းသော်လည်း ကိုယ်ပိုင်အနုပညာကို တန်ဖိုးထားချစ်မြတ်နိုးသော အမျိုးသားစိတ်ကြောင့် ဖြစ်သည်ဆိုက မှားမည်မဟုတ်ပါချေ။

ကမ္ဘာ့နိုင်ငံရေး မျက်နှာစာတွင် ရေးယခင်ကဲ့သို့ လက်နက်စွဲကိုင်နယ်ချဲ့ခြင်းသည် မရှိသလောက်ပင်ဖြစ်သည်။ ယနေ့လူသားတို့၏ အသိဉာဏ်ပညာ ကြွယ်ဝခြင်း၊ အမြင်ကျယ်ခြင်း၊ နိုင်ငံအသီးသီး၌ ကာကွယ်ရေးကို စနစ်တကျ လေ့ကျင့်ဖွဲ့စည်းထားခြင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများတည်ရှိခြင်း၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ခြင်းများကြောင့် ခေတ်သစ်ကိုလိုနီပြုသူများသည် အကျည်းတန်အရုပ်ဆိုးသော ပြုမူဆောင်ရွက်ခြင်းကို ရှောင်ရှားလာကြသည်။ စီးပွားရေးလက်ဝါးကြီးအုပ်ကာ အကျပ်အတည်းဖြစ်စေခြင်း၊ နိုင်ငံရေးရှုပ်ထွေးစေရန် ဝင်ရောက်ခြယ်လှယ်သပ်လျှိုခြင်း၊ တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက် နေရာယူ၍ ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ရိုးရာများ ပျက်စီးစေရန်ကြိုးပမ်းခြင်း၊ တိုင်းရင်းသားလူမျိုးများ ပျောက်ကွယ်စေရန် သွေးနှောမျိုးဖျက်ခြင်း၊ တိုင်းတစ်ပါးကို အားကျအထင်ကြီးကြစေရန် ဝါဒဖြန့်ခြင်း စသောနည်းပရိယာယ်များဖြင့် ရေရှည်စနစ်များကို ကျင့်သုံးလာကြသည်။ ထိုသို့သောအခြေအနေ အချိန်ကာလတွင် မြန်မာနိုင်ငံတွင်းသို့ တိုင်းတစ်ပါးယဉ်ကျေးမှုများ ထိုးဖောက်လွှမ်းမိုးလာနေသည်မှာ မငြင်းဆိုနိုင်သောစကားဖြစ်သည်။ ဒီမိုကရေစီနှင့်အတူ စိမ့်ဝင်ပျံ့နှံ့လာသော အရေးအရာကိစ္စများ များပြားလာလေသည်။ မျိုးဆက်သစ် လူငယ်များအနေဖြင့် မြန်မာ့အက၊ မဟာဂီတ စသည့်ခက်ခဲနက်နဲ၍ သိမ်မွေ့သောအနုသုခုမ ရိုးရာအစစ်အမှန်ကို ထိတွေ့ခံစားခွင့်သည်လည်း အလှမ်းဝေးကွာသွားတော့သည်။ ထိုသို့ အလှမ်းဝေးကွာသွားခြင်း မရှိစေရန် နိုင်ငံတော်က မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ကျင်းပပေးလာခြင်းအား ကြိုဆိုရမည်သာဖြစ်သည်။ ကြိုတင်ကာကွယ်တားဆီးခြင်းသည် အကောင်းဆုံးနည်းလမ်း ဖြစ်သည်ဟုလည်း လက်ခံမိသည်။

အမျိုးကိုဆက်ရန်မှာ အမျိုး(မျိုးရိုး) ရှိမှဖြစ်သည်။ အမျိုးမရှိဘဲ မျိုးမဆက်နိုင်။ အမျိုးဆိုသည်မှာ မိမိ၏လူမျိုး၊ မိမိ၏နိုင်ငံသာမက မိမိတို့၏ ယဉ်ကျေးမှုအစဉ်အလာ ဓလေ့ထုံးတမ်းများ အပါအဝင် မျိုးရိုးဇာတိကို ခေါ်ခြင်းဖြစ်သည်။ တိုင်းတစ်ပါးသားသည် အမျိုးမဟုတ်ပေ၊ တိုင်းတစ်ပါးယဉ်ကျေးမှုသည် အမျိုးသားယဉ်ကျေးမှုမဟုတ်ပေ၊ တိုင်းတစ်ပါး ယဉ်ကျေးမှုဖြင့်လည်း မျိုးဆက်၍ ရမည်မဟုတ်ချေ။ မိမိကိုယ်ပိုင်ယဉ်ကျေးမှုနှင့်သာ မျိုးဆက်၍ရသည်ဆိုသည့် ဆရာစန္ဒရားလှထွဋ်၏ မြန်မာ့ဂီတရေစီးကြောင်း စာအုပ်ပါ ဆိုစကားအတိုင်း ရိုးရာအစဉ်အလာကို မြန်မာမျိုးရိုးပီသစွာ ဂုဏ်ယူမြတ်နိုး တန်ဖိုးထားကြစေကြောင်း တိုက်တွန်းလိုက်ရပါသည်။ ။

မှီငြမ်း

၁။ မြန်မာ့ ဇာတ်သဘင်သမိုင်း (မောင်သိန်းနိုင်)

၂။ မြန်မာ့ ဂီတရေစီးကြောင်း (စန္ဒရားလှထွဋ်)

ဟုမ္မလင်းမြို့နယ် ခေါင်ခမ်း၌ လက်ဖက်စို၊ လက်ဖက်ခြောက်များ ထုတ်လုပ်ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေး

ဟုမ္မလင်း အောက်တိုဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ခေါင်ခမ်းကျေးရွာတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် လက်ဖက်စိုက်တောင်သူများက လက်ဖက်စို၊ လက်ဖက်ခြောက် အဆင့်ဆင့်ထုတ်လုပ်ဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေး

အဆိုပါကျေးရွာသို့ ဟုမ္မလင်းလေတပ်စခန်းဌာနချုပ် တပ်နယ်မှူး ဗိုလ်မှူးချုပ်သိန်းထွန်းဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်၊ မြို့နယ်အဆင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ ဟုမ္မလင်းမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ လက်ဖက်လုပ်ငန်းအတွက် ချေးငွေထုတ်ယူသူတောင်သူ ၁၂ ဦးရှိပြီး စုစုပေါင်းကျပ်သန်း ၂၉၇ ဒသမ ၅၀ ထုတ်ပေးခဲ့ပြီး ဟုမ္မလင်းမြို့နယ် ခေါင်ခမ်းကျေးရွာတွင် လက်ဖက်စိုက်တောင်သူ ၁၈၇ ဦးရှိပြီး မူလကတည်းက စိုက်ပျိုးဧကပေါင်း ၆၈၇ ဧက စိုက်ပျိုးထားရှိကာ စိုက်ပျိုးထားရှိမှုအပေါ် ဟုမ္မလင်းမြို့နယ် ခေါင်ခမ်းကျေးရွာအုပ်စုတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် လက်ဖက်လုပ်ငန်းအတွက် ချေးငွေထုတ်ယူသူတောင်သူ ခြောက်ဦးရှိကြောင်း သိရသည်။

ဟုမ္မလင်း(ပြန်/ဆက်)

အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက်

ရန်ကုန် အောက်တိုဘာ ၂၄

Danabawgabla Co.,Ltd မှ သွင်းကုန်ကြေညာလွှာ ID No.100018043051 (20–2–2017) ဖြင့် တင်သွင်းလာသည့် ကုန်သေတ္တာအမှတ် SEGU2431330 (1x20’) သည် The Myanmar Terminal (TMT) ဆိပ်ကမ်းသို့ (၂–၂–၂၀၁၇) ရက်နေ့တွင်လည်းကောင်း၊ Blue Sky Myanmar Co.,Ltd မှ သွင်းကုန်ကြေညာလွှာ ID No.100167711450 (29–1–2021)ဖြင့် တင်သွင်းလာသည့် ကုန်သေတ္တာ အမှတ် TEMU5392173 (1x20’) သည် Myanmar Industrial Port (MIP) ဆိပ်ကမ်း သို့ (၇–၂–၂၀၂၀) ရက်နေ့တွင်လည်းကောင်း အသီးသီးရောက်ရှိခဲ့ပြီး လာရောက်ထုတ်ယူရန် သက်ဆိုင်ရာကုမ္ပဏီများအား အကြိမ်ကြိမ်အကြောင်းကြားခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ သတ်မှတ်ရက်အတွင်း လာရောက်ထုတ်ယူခြင်းမရှိပါက ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေအရ အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အကောက်ခွန်ဦးစီးဌာန

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၄၇၂၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် အောက်တိုဘာ ၂၃

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ အောက်တိုဘာ ၂၄ ရက် မှ ၃၀ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၄,၇၂၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

လူသုံးကုန်ထုတ်လုပ်မှု နည်းပညာပေးသင်တန်း အမှတ်စဉ်(၂/၂၀၂၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၃

လူငယ်များအနေဖြင့် အချင်းချင်းပူးပေါင်းဆောင်ရွက်တတ်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် အိမ်တွင်းအသေးစား တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရင်း ဘဝဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာပေး သင်တန်းအမှတ်စဉ်(၂/၂၀၂၃)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အသက်မွေးဝမ်းကျောင်းပညာရေးဖြင့် လက်တွေ့လုပ်ငန်းနယ်ပယ်တို့ ဆက်စပ်မှု ပိုမိုအားကောင်းနိုင်စေရန်နှင့် မိသားစုတစ်နိုင်တစ်ပိုင်လုပ်ငန်းများမှ ဈေးကွက်ဝင်ထုတ်ကုန်များ ထုတ်လုပ်နိုင်စေရန်ရည်ရွယ်၍ ယခုသင်တန်းအား ဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းတွင် လူများနေ့စဉ် အသုံးပြုလျက်ရှိပြီး လူသုံးများသည့် ပစ္စည်းများဖြစ်သော ခေါင်းလျှော်ရည်ပြုလုပ်နည်း၊ Hand Gel၊ ဆပ်ပြာတုံး၊ ဆပ်ပြာရည် ပြုလုပ်နည်းများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်၍ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် အရည်အသွေးကောင်းမွန်သော လူသုံးကုန်ပစ္စည်းများကို ကိုယ်တိုင်ထုတ်လုပ် ရောင်းချနိုင်ပြီး အသက်မွေးဝမ်းကျောင်း စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် မိမိတို့လက်တွေ့လုပ်ငန်း နယ်ပယ်များတွင် ပြန်လည်အသုံးချ လုပ်ကိုင်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ လူငယ်များအတွက် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာပေးသင်တန်းများသာမက စားသောက်ကုန်ထုတ်လုပ်မှုသင်တန်း၊ အခြေခံအိမ်တွင်း လျှပ်စစ်သွယ်တန်းခြင်းသင်တန်းများ ဖွင့်လှစ်ခြင်းအပြင် နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပုံမှန်ပညာရေးမသင်ယူနိုင်သည့် ထိခိုက်လွယ် အုပ်စုများတွင် ပါဝင်သူ အသက် ၁၅ နှစ်မှ ၃၅ နှစ်ကြား သတ်မှတ်ချက်နှင့်ကိုက်ညီသည့် လူငယ်များကိုလည်း အသက်မွေးဝမ်းကျောင်း ပညာသင်ထောက်ပံ့ကြေးပေးအပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ လူငယ်များအနေဖြင့် မိမိတို့ဘဝ တိုးတက်အောင်ကြိုးစားပြီး ဖွံ့ဖြိုးတိုးတက်သည့် လူ့အဖွဲ့အစည်းကိုဖန်တီးရာတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်နိုင်သူများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ပြီး သင်ထောက်ကူပစ္စည်းများကို လိုက်လံကြည့်ရှုလေ့လာသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ လူငယ်ရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)မှ လူငယ်ရေးရာ ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

လူသုံးကုန်ထုတ်လုပ်မှု နည်းပညာပေး သင်တန်းအမှတ်စဉ်(၂/၂၀၂၃)ကို အောက်တိုဘာ ၂၃ ရက်မှ ၂၇ ရက်အထိ ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးအစည်းအဝေးခန်းမ၌ သင်တန်းသား သင်တန်းသူ ၃၀ ကို အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နန်းကေခိုင်မြတ်ထွန်းက သင်ခန်းစာများ စာတွေ့လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

လားရှိုးမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ် (၆) သင်တန်းဖွင့်ပွဲကျင်းပ

လားရှိုး အောက်တိုဘာ ၂၃

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း(လားရှိုး)တွင် ယနေ့နံနက် ၉ နာရီက အဆင့်မြင့် အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းမှ ကျောင်းအုပ် ဒေါ်မြမြသင်းက သင်တန်းကာလအတွင်း သင်ကြားပို့ချမည့် ဘာသာရပ်များ၊ လက်တွေ့လေ့ကျင့်ရမည့် သင်ခန်းစာများ၊ သင်တန်းသူများ သင်တန်းကာလအတွင်း အဆင်ပြေစွာနေထိုင်နိုင်ရေးအတွက် စီမံထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယတိုင်းမှူးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက သင်တန်းထောက်ပံ့ပစ္စည်းများ ခင်းကျင်းပြသထားမှုများကို လိုက်လံကြည့်ရှု အားပေးခဲ့ကြောင်းနှင့် အဆိုပါ သင်တန်းသို့ ရှမ်းပြည်နယ်မြောက်ပိုင်းမြို့နယ်များနှင့် အခြားမြို့နယ်များမှ သင်တန်းသူ စုစုပေါင်း ၃၀ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

စိုင်းထွန်း(လားရှိုး)

ဂွမြို့နယ်၌ အရင်းမပျောက် မတည်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်

ဂွ အောက်တိုဘာ ၂၃

ရခိုင်ပြည်နယ် ဂွမြို့နယ်၌ ငါးကဏ္ဍနှင့် သမဝါယမကဏ္ဍဖြင့် နိုင်ငံ့စီးပွား မြှင့်တင်ရေးဆိုင်ရာ မတည်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့် စီမံကိန်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးဇာနည်ကျော်က အဖွင့်အမှာစကားပြောကြားပြီး ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးခင်မောင်ရီနှင့် ဦးစီးအရာရှိ ဒေါ်ဆွေဆွေဝင်းတို့က နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ငါးလုပ်ငန်းဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်မည့် အရင်းမပျောက် မတည်ရန်ပုံငွေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ငါးကဏ္ဍ နိုင်ငံ့စီးပွားမြှင့်တင်ရေးဆိုင်ရာ မတည်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကြွေချိုင်ကျေးရွာနှင့် မကျေးငူကျေးရွာ အဆင့် စီမံကိန်းကြီးကြပ်မှု ကော်မတီများသို့ တစ်ရွာလျှင် ငွေကျပ်သိန်း ၆၀၀ စီကိုလည်းကောင်း၊ သမဝါယမကဏ္ဍ နိုင်ငံ့စီးပွားမြှင့်တင်ရေးဆိုင်ရာ မတည်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ငွေကျပ် သိန်း ၂၄၀ ကို ဆပ်သွားလယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမလီမိတက်နှင့် ငွေကျပ်သိန်း ၁၂၀ ကို တောင်ပေါက်လယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမလီမိတက် ကျေးရွာအဆင့် စီမံကိန်းကြီးကြပ်မှု ကော်မတီများသို့ လည်းကောင်း မြို့နယ်အဆင့် စီမံကိန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မတည်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပြင်ဆင်ဖတ်ရှုပါရန်

အောက်တိုဘာ ၂၃ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၂၄ ပါ အုတ်တွင်းမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်သတင်း၏ ပထမစာပိုဒ်တွင် တပ်နယ်မှူး ဗိုလ်မှူးချုပ် ဇော်မြင့်အစား တပ်နယ်မှူး ဗိုလ်မှူးချုပ် ဇော်မြင့်ဦးဟု ပြင်ဆင်ဖတ်ရှုပါရန်။ **ခင်ခင်မာ(ပြန်/ဆက်)**

ရုရှား-ယူကရိန်းပဋိပက္ခ အဆုံးသတ်ရေးသဘောတူညီရန် အခွင့်အလမ်းများစွာရှိသော်လည်း ငြိမ်းချမ်းရေးဆွေးနွေးရန် အမေရိကန်က သဘောတူညီမှုမရှိ

မြို့နစ် အောက်တိုဘာ ၂၃

ရုရှား-ယူကရိန်းပဋိပက္ခ အဆုံးသတ်ရေးသဘောတူညီရန် အခွင့်အလမ်းများစွာရှိသော်လည်း ၂၀၂၂ ခုနှစ် မတ်လတွင် ရုရှားနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှု မပြုလုပ်ရန် ယူကရိန်းကို အမေရိကန်နိုင်ငံက တားမြစ်ထားကြောင်း ဂျာမနီအဓိပတိဟောင်း ဂျာဟာ့ဒ်ရှာရိုဒါက ပြောကြားသည်။

ယူကရိန်းသမ္မတ ဇီလန်စကီး၏ ကိုယ်စားလှယ်များသည် နေတိုးအဖွဲ့ဝင်ဖြစ်ရန် ကြိုးပမ်းမှုများကို ရပ်တန့်ခဲ့ခြင်း စသည့် အရေးကြီးသောကိစ္စရပ်များနှင့် ပတ်သက်ပြီး ပွင့်လင်းစွာပြောကြားခဲ့သော်လည်း အမေရိကန်နိုင်ငံက ငြိမ်းချမ်းရေးဆွေးနွေးပွဲများကျင်းပရန် သဘောတူညီမှုမရှိခဲ့ကြောင်း ဂျာမနီ၏အဓိပတိဟောင်း ဂျာဟာ့ဒ်ရှာရိုဒါက ဂျာမနီနိုင်ငံ၏ Berliner Zeitung သတင်းဌာနနှင့် အင်တာဗျူးတစ်ရပ်တွင် ပြောကြားခဲ့သည်။

“ယူကရိန်းတွေက ငြိမ်းချမ်းရေးဆွေးနွေးဖို့ သဘောမတူကြဘူး။ ဘာလို့လဲဆိုရင် အမေရိကန်က ခွင့်မပြုလို့ပေါ့” ဟု ဂျာမနီ၏အဓိပတိဟောင်း ဂျာဟာ့ဒ်ရှာရိုဒါက ဆက်လက်ပြောကြားသည်။

ဂျာမနီ၏အဓိပတိဟောင်း ဂျာဟာ့ဒ်ရှာရိုဒါသည် ရုရှား-ယူကရိန်းအရေးကို ကြားဝင်ဖျန်ဖြေပေးရန် နိုင်ငံတကာ၏ တိုက်တွန်းခြင်းခံထားရသူ တစ်ဦးဖြစ်သည်။

အလားတူ ယူကရိန်းအကျပ်အတည်း ဖြေရှင်းရေးဆိုင်ရာ ကြိုးပမ်းမှုများ အောင်မြင်မှုမရှိစေရန် ဗြိတိန်ဝန်ကြီးချုပ်ဟောင်း ဘောရစ်ဂျွန်ဆင်ကို ယူကရိန်းနိုင်ငံသို့ စေလွှတ်ကာ ငြိမ်းချမ်းရေးနှင့် ဝေးကွာစေရန် အကွက်ကျကျ စီစဉ်ခဲ့ကြောင်းလည်း အမေရိကန်သမ္မတလောင်း ရောဘတ်ကနေဒီ ဂျူနီယာက ဇွန်လတွင် ပြောကြားသည်။

ယူကရိန်းကိစ္စနှင့် ပတ်သက်၍ အနောက်နိုင်ငံမှ တာဝန်ရှိသူများက စေ့စပ်ညှိနှိုင်းရန် အဆင်သင့်ဖြစ်နေပြီဟု အနောက်နိုင်ငံ တာဝန်ရှိသူများက အရိပ်အမြွက် ပြောကြားခဲ့ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က အောက်တိုဘာ ၁၉ ရက်တွင် မှတ်ချက်ပြု ပြောကြားသည်။

ဂျာမနီအဓိပတိဟောင်း ဂျာဟာ့ဒ်ရှာရိုဒါ

ယူကရိန်းနိုင်ငံကို လက်နက်များ ထောက်ပံ့ပေးကာ စစ်သည်များအား လေ့ကျင့်ပေးခြင်းဖြင့် အနောက်နိုင်ငံများက ယူကရိန်းစစ်ပွဲတွင် တိုက်ရိုက်ပါဝင်လာသည်ဟု မော်စကို ထိပ်တန်းအရာရှိများက စွပ်စွဲပြောကြားသည်။

အနောက်နိုင်ငံများ၏ ထိုကဲ့သို့သော ဆောင်ရွက်ချက်များသည် ရုရှားနိုင်ငံ၏ ချမှတ်ထားသည့် ရည်မှန်းချက်များကို ရပ်တန့်သွားမည် မဟုတ်ကြောင်းနှင့် ယူကရိန်းကို လက်နက်တပ်ဆင်ခြင်းသည် စစ်ပွဲကို ပိုမိုကြာရှည်စေမည်ဖြစ်ကြောင်း ၎င်းတို့က သတိပေးပြောကြားသည်။

ကိုးကား - ပရက်စ်တီဗွီ
ဘာသာပြန် - အောင်ကျော်ကျော်

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရထားနှစ်စင်းတိုက်မိမှုကြောင့် အနည်းဆုံး ၁၅ ဦးသေဆုံး

ဒါကာ အောက်တိုဘာ ၂၃

ဘင်္ဂလားဒေ့ရှ် နိုင်ငံ၌ အောက်တိုဘာ ၂၃ ရက်တွင် မြို့တော်ဒါကာ၏ အရှေ့မြောက်ဘက် ၁၁၇ ကီလိုမီတာအကွာရှိ ကီရှိုရီဂန်ခရိုင်အတွင်း ရထားနှစ်စင်းတိုက်မိမှု ဖြစ်ပွားခဲ့ခြင်းကြောင့် အနည်းဆုံး ၁၅ ဦး သေဆုံးခဲ့ကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူး မို့စ်တက်ဆာကာက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ချာတိုဂရမ် ဆိပ်ကမ်းမြို့သို့ ဦးတည် ခုတ်မောင်းလာသည့် ကုန်တင်ရထားနှင့် ခရီးသည်ရထားတို့သည် အောက်တိုဘာ ၂၃ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် တိုက်မိမှုဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်းလည်း သိရသည်။

လက်ရှိအချိန်တွင် အဆိုပါ ရထားတိုက်မိမှုကြောင့် သေဆုံးသူ ရုပ်အလောင်း ၁၅ လောင်းကို ရှာဖွေတွေ့ရှိထားပြီးဖြစ်ကြောင်းနှင့် လူပေါင်း ၁၀၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် ရထားတိုက်မိမှုကြောင့် သေဆုံးသူအရေအတွက် ထပ်မံမြင့်တက်လာမည်ကို စိုးရိမ်လျက်ရှိကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူး မို့စ်တက်ဆာကာက ပြောကြားသည်။

ဒဏ်ရာရရှိခဲ့သည့် ခရီးသည်များအား ဆေးရုံများသို့ တင်ပို့ကာ ဆေးဝါးကုသမှုများ ပေးလျက်ရှိကြောင်းလည်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

ဂါဇာဒေသ၌ အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းနိုင်ငံသား ၅၀၀၀ ကျော် သေဆုံး

ဂါဇာ အောက်တိုဘာ ၂၃

ဂါဇာ ကမ်းမြောင်ဒေသ၌ အစ္စရေးနိုင်ငံ၏ လေကြောင်း တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းနိုင်ငံသား ၅၀၈၇ ဦး သေဆုံးခဲ့ကြောင်း ဟားမတ်စ်အဖွဲ့ အုပ်ချုပ်မှုအောက်ရှိ ကျန်းမာရေးဝန်ကြီးဌာနက အောက်တိုဘာ ၂၃ ရက်တွင် ပြောကြားသည်။

ထို့ပြင် အဆိုပါတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းနိုင်ငံသား ၁၅၂၇၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်းလည်း ယင်းဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။ ပြီးခဲ့သည့် ၂၄ နာရီအတွင်းမှာပင် ဂါဇာဒေသသို့ အစ္စရေးနိုင်ငံ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းနိုင်ငံသား အနည်းဆုံး ၂၆၆ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုသည် အောက်တိုဘာ ၇ ရက်က ဟားမတ်စ်တို့က အစ္စရေးစစ်ဘက်ပစ်မှတ်များနှင့် မြို့များကို ကြီးမားသောတိုက်ခိုက်မှုမှ အစပြုခဲ့ခြင်းဖြစ်ပြီး ယခုအချိန်အထိ အစ္စရေးတွင် အနည်းဆုံး လူပေါင်း ၁၄၀၀ သေဆုံးခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများသယ်ဆောင်လာသည့် ယာဉ်တန်းများ ဂါဇာကမ်းမြောင်သို့ ထပ်မံရောက်ရှိ

ဂျေရုဆလင် အောက်တိုဘာ ၂၃

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများသယ်ဆောင်လာသည့် ယာဉ်တန်းများ ဂါဇာကမ်းမြောင်သို့ ယမန်နေ့က ထပ်မံရောက်ရှိခဲ့ကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားရေးဆိုင်ရာရုံးက ပြောကြားသည်။

အစ္စရေးနှင့် ဟားမတ်စ်တို့ကြား ပြင်းထန်သော တိုက်ပွဲများအတွင်း ရေနှင့် စားနပ်ရိက္ခာပြတ်လပ်မှု ကြုံတွေ့နေရသည်။ အီဂျစ်နယ်စပ်ဖြတ်ကျော်မှုမှ ဂါဇာကမ်းမြောင်သို့ ထရပ်ကား ၁၄ စီး ယမန်နေ့က ထပ်မံဝင်ရောက်ခဲ့ကြောင်း သိရသည်။ အောက်တိုဘာ ၂၁ ရက်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးယာဉ်အစီး ၂၀ ရောက်ရှိခဲ့ကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားရေးဆိုင်ရာရုံးက ပြောသည်။

သို့သော် ဂါဇာကမ်းမြောင်ရှိ ပြည်သူ ၂ ဒသမ ၂ သန်းအတွက် အရေးပေါ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် တစ်ရက်လျှင် ထရပ်ကား အစီးရေ ၁၀၀ လိုအပ်ကြောင်း သိရသည်။

အစ္စရေးတပ်ဖွဲ့များသည် မြင့်မားသောအဆောက်အအုံများနှင့် ဥမင်လိုဏ်ခေါင်းများတွင် ဟားမတ်စ်တို့၏ အမာခံစခန်းများကို ပစ်မှတ်ထားကာ လေကြောင်းတိုက်ခိုက်မှုများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။ လေကြောင်းတိုက်ခိုက်မှုကြောင့် လူနေအိမ်ထက်ဝက်ခန့် ပျက်စီးခဲ့ကြောင်း ကျန်းမာရေးအရာရှိများက ဆိုသည်။

ထို့ပြင် အစ္စရေးတပ်ဖွဲ့သည် ဂါဇာကမ်းမြောင်အနီး မြေပြင်ထိုးစစ်အတွက် ပြင်ဆင်မှုများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။

အလားတူ လက်ဘနွန်နိုင်ငံနှင့် မြောက်ပိုင်းနယ်စပ်တွင် အစ္စရေးတပ်ဖွဲ့ဝင်များသည် အစ္စလာမ့်စ်ဟစ်ဇ်ဘိုလာအဖွဲ့နှင့် တိုက်ပွဲများ မကြာခဏ ဖြစ်ပွားလျက်ရှိသည်။

ဝန်ကြီးချုပ် နေတန်ယာဟုသည် အဆိုပါဒေသသို့ သွားရောက်ခဲ့ပြီး ၎င်း၏တပ်ဖွဲ့များသည် စစ်ဆင်ရေးနှစ်ခုကို ဆင်နွှဲနေရကြောင်း ပြောကြားသည်။ အဆိုပါနယ်စပ်အနီးတွင် နေထိုင်သူ ၄၀၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် အစ္စရေးအစိုးရက တောင်းဆိုထားသည်။

ထို့ပြင် ဘရပ်ဆဲလ်မြို့ရှိ ဥရောပသမဂ္ဂဌာနချုပ်ရှေ့တွင် ပြည်သူ ၁၂၀၀၀ ခန့်သည် အပစ်အခတ်ရပ်စဲရေးအတွက် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ဟားမတ်စ်လုပ်ရပ်ကို လက်ခံနိုင်ဖွယ်မရှိကြောင်း ဆန္ဒထုတ်ဖော်သူတစ်ဦးက ဆိုသည်။ သို့သော် အစ္စရေးသည် ဂါဇာကမ်းမြောင်နှင့် အနောက်ဘက်ကမ်းတွင် နှစ်ပေါင်းများစွာ လက်ခံနိုင်ဖွယ်မရှိသော လုပ်ရပ်များကို လုပ်ဆောင်နေကြောင်းလည်း ၎င်းက ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်

ဗီယက်နမ်နိုင်ငံက ယခုနှစ်အတွင်း ကော်ဖီတန်ချိန် ၁ ဒသမ ၇ သန်း တင်ပို့နိုင်မည်ဟု မျှော်လင့်

ဟနွိုင်း အောက်တိုဘာ ၂၃

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်အတွင်း ကော်ဖီတန်ချိန် ၁ ဒသမ ၇ သန်းတင်ပို့နိုင်ရန် မျှော်လင့်ထားကြောင်း ဗီယက်နမ်နိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် အဆိုပါကော်ဖီတင်ပို့မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံဝင်ငွေရရှိရန် မျှော်လင့်ထားကြောင်းနှင့် ပြီးခဲ့သည့်နှစ်အတွင်းက အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံ ဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဝယ်လိုအား အလွန်အမင်းမြင့်တက်မှုနှင့်အတူ လွန်ခဲ့သည့် ၁၅ နှစ်အတွင်း ပြည်တွင်းနှင့် ကမ္ဘာ့ဈေးကွက်တွင် ဈေးနှုန်းအမြင့်ဆုံးသို့ ရောက်ရှိခဲ့ခြင်းကြောင့် ဗီယက်နမ်နိုင်ငံ၏ ကော်ဖီတင်ပို့မှုသည် ယခုနှစ်တွင် စံချိန်တင်အဆင့်သို့ ရောက်ရှိနိုင်သည်ဟု ဗီယက်နမ်နိုင်ငံထုတ် Pham Quang သတင်းစာက ဖော်ပြသည်။

ထို့ပြင် ဗီယက်နမ်နိုင်ငံအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် ကော်ဖီတင်ပို့မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံရရှိရန် မျှော်မှန်းထားကြောင်းလည်း သိရသည်။ ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမ ကိုးလတာကာလအတွင်း ကော်ဖီတန်ချိန် ၁ ဒသမ ၂၆ သန်း တင်ပို့နိုင်ခဲ့ပြီး ဝင်ငွေအားဖြင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၆ ဘီလီယံ ရရှိခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

တရားမဝင် သစ်မျိုးစုံ၊ ခဲသတ္တုများ၊ တိရစ္ဆာန်များ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၂၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၀ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ပုသိမ်မြို့ မြို့အဝင် ကိုးဆူစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Wish ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပုသိမ်ခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၂၈၈တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၄၄၅၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၀၄၄၅၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၂၀ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့နယ်အတွင်း၌ လိုင်စင်မဲ့ Honda Wave ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ ဘုတ်ပြင်းမြို့နယ် ကရသူရိမြို့ ဟန်ကဒိုင်းကျေးရွာ၌ တရားမဝင် ခဲသတ္တု ကီလိုဂရမ် ၆၃၆၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၈၀၀၀၀၀)ကို သတ္တုတွင်းဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၁၈၀၀၀၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၂၁ ရက်တွင် ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ရာတွင် ဖားကန့်မြို့ သဖန်းပင်ကျေးရွာအနီး၌ တရားမဝင် ရွှေတူးဖော်ရာတွင် အသုံးပြုသည့် လိုင်စင်မဲ့ Kobelco ဘက်ဟိုးယာဉ် တစ်စီးနှင့် CASE ဘက်ဟိုးယာဉ် တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၂၁ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်(တရုတ်လှဘက်ခြမ်း)၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် 108 ဆပ်ပြာမှုန့် ဂရမ် ၁၂၈၀၀၀၊ OP Puff ထောပတ်မုန့်အထုပ် ၆၀၀ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၆၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Zhong Tong Express တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် Kashiwa ဟင်းချက်ဒယ်နီအိုး အလုံး ၁၈၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၂၆၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ကချင်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

ထို့ပြင် အောက်တိုဘာ ၂၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ် ရန်ကုန်-ပြည်ကားလမ်း ဂျိုးဖြူကျေးရွာ မိုင်တိုင်အမှတ် (၅၁/၅၂)၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် နွားထီး ခနစ်ကောင်နှင့် နွားမ တစ်ကောင် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၀၀၀၀၀)နှင့် အဆိုပါနွားများ တင်ဆောင်လာသည့် Isuzu Truck ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၈၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၂၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၁၂)မိုင် (၅)ဖာလုံ၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် မြက်ဖြတ်စက် အလုံး ၂၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Isuzu Giga Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ပြင်ဦးလွင်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၂၂)မိုင် (၁)ဖာလုံ၌ ပိုင်ရှင်မဲ့ Justus Black ဘီယာ ဘူး ၁၀၈၈၀၊ Hand & Body Lotion ဘူး ၁၄၄၀၀၊ တရုတ်စာတန်းပါ Cracker အထုပ် ၉၆၀ (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၅၀၄၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၀၄၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၂၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဟင်းသီးဟင်းရွက်ဆီ လီတာ ၂၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၁၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၁၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၂၀ ရက်၊ ၂၁ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၇၆၀၉၄၅၀)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၂၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသဲဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "ပြည်သူကျော် ဇမာ" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ အမှတ်(၆) ရပ်ကွက်နေ ကျော်ကျော်(ခ)ကျော်စိုးအား အောက်တိုဘာ ၂၁ ရက် ည ၇ နာရီခွဲတွင် လည်းကောင်း၊ အောက်တိုဘာ ၂၂ ရက်တွင် "ဝင်းနိုင်နေ ဝင်းနိုင်နေ ဝင်းနိုင်နေ" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် ပေါင်မြို့နယ် ကဒ့်စီးရပ်ကွက်နေ ဝင်းနိုင်(ခ) ဂကြွက်အား မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် လည်းကောင်း၊ "Kaung Myat" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပေါင်မြို့နယ် ကုလားချောင်းကျေးရွာနေ ကောင်းမြတ်(ခ)ကျော်ထက်အား မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ "Aung Ko Latt" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ဓမ္မိရိပ်ရပ်ကွက်နေ အောင်ကိုလတ် (ခ) အလာဒင်အား ည ၁၀ နာရီ ၅ မိနစ်တွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ကလေးမြို့နယ်၌ ငွေကျပ် ၃ ဒသမ ၆၉ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၃၃ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းကျော် သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ ငွေကျပ် ၃ ဒသမ ၆၉ ဘီလီယံတန်ဖိုးရှိဘိန်းဖြူ၃၃ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းကျော်သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၈ ရက် နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် နတ်ကြီးကုန်းကျေးရွာအနီး၌ မန္တလေးမှ ကလေးမြို့သို့ ဧရာထွန်း(၁) ဇေယျာထွန်း မောင်းနှင်ပြီး သီဟထွန်း လိုက်ပါလာသော ယာဉ်ကို သတင်းအရရှာဖွေရာ ဒေသကာလတန်ဖိုးငွေကျပ် ၃ ဒသမ ၆၉ ဘီလီယံတန်ဖိုးရှိ ဆပ်ပြာခွက် ၃၃၀၀ အတွင်းမှ ဘိန်းဖြူ ၃၃ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ဒသမ ၂ သိန်း သိမ်းဆည်းရမိခဲ့ပြီးကွင်းဆက်အရအောက်တိုဘာ ၁၉ ရက် ည ၈ နာရီခွဲတွင် အဆိုပါ မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ သိန်းထွန်းအောင်(ခ) ချမ်းမြေ့အောင်(ခ)ချမ်းမြေ့ကို မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်ကွက်ရှိ ၎င်း၏နေအိမ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ်မှ စစ်ကိုင်းတိုင်းဒေသကြီးသို့ သယ်ဆောင် ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

PDF အမည်ခံ အကြမ်းဖက်သမားများက ထားဝယ်မြို့ ကြက်စားပြင်ရပ်ကွက် ကမ်းနားလမ်းရှိ အောင်တံခွန်ငါးလေလံဈေးအတွင်းသို့ Drop ဗုံးများ ပစ်ချတိုက်ခိုက်မှုကြောင့် အသက် ၁၄ နှစ်အရွယ် ကလေးတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် အောက်တိုဘာ ၂၃

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ကြက်စားပြင်ရပ်ကွက် ကမ်းနားလမ်းရှိ အောင်တံခွန်ငါးလေလံဈေးအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက Drone အသုံးပြု၍ ဗုံးသီးများပစ်ချတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဗုံးစထိမှန်ဒဏ်ရာများရရှိ

ဖြစ်စဉ်မှာ ထားဝယ်မြို့ ကြက်စားပြင်ရပ်ကွက် ကမ်းနားလမ်းရှိ အောင်တံခွန်ငါးလေလံဈေးအား PDF အမည်ခံ အကြမ်းဖက်သမားများက ယနေ့မွန်းလွဲပိုင်းတွင် ဈေး၏အနောက်မြောက်ဘက် မီတာ ၅၀၀ ခန့် အကွာမှနေ၍ Drone အသုံးပြု၍ Drop ဗုံးများဖြင့် ပစ်ချတိုက်ခိုက်ခဲ့သဖြင့် ဈေးဝယ်နေသည့် အသက် ၁၄ နှစ်အရွယ် ကလေးတစ်ဦး ဗုံးစထိမှန် ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ထိခိုက်ဒဏ်ရာရရှိခဲ့သူအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ထားဝယ်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် ယခုကဲ့သို့ အများပြည်သူများ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ဒေသခံပြည်သူများ အေးချမ်းစွာ ဈေးရောင်း/ဈေးဝယ် ပြုလုပ်နေသည့် ဈေးအတွင်းသို့ Drop ဗုံးများ ပစ်ချတိုက်ခိုက်ခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများအား အမြန်ဆုံးဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ထားဝယ်မြို့ ကြက်စားပြင်ရပ်ကွက် ကမ်းနားလမ်း အောင်တံခွန်ငါးလေလံဈေးအတွင်း၌ Drop ဗုံးများ ကျရောက်ပေါက်ကွဲခဲ့သည့် နေရာပြပုံ

❍ MNL ပြိုင်ပွဲမှ

အောင်မြတ်သူက ဦးဆောင်ဂိုးထပ်သွင်းသော်လည်း ၄၁ မိနစ်တွင် သန်းကျော်ဌေးက ရခိုင်ယူနိုက်တက်အတွက် ချေပဂိုးပြန်သွင်းခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်မံရရှိရန် တိုက်စစ်မြင့်လာပြီး ဟံသာဝတီအသင်းအတွက် အနိုင်ဂိုးကို ၈၅ မိနစ်တွင် အာကာက သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဟံသာဝတီအသင်း ကွင်းလယ်ကစားသမား နေမိုးနိုင်က ရရှိခဲ့သည်။

ပွဲစဉ်(၁၇)အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၄၄ မှတ်ဖြင့် ဦးဆောင်နေပြီး ရန်ကုန်အသင်းက ၃၈ မှတ်၊ ဟံသာဝတီအသင်းက ၂၈ မှတ်၊ အား/ကာသိပ္ပံအသင်းက ၂၄ မှတ်၊ မဟာယူနိုက်တက်အသင်းက ၂၃ မှတ်၊ ဒဂုံစတား၊ ရတနာပုံနှင့် မြဝတီအသင်းတို့က ၁၉ မှတ်စီ၊ ရှောဝတီအသင်းက ၁၈ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၁၇ မှတ်၊ ကချင်ယူနိုက်တက်အသင်းက ၁၀ မှတ်၊ GFA အသင်းက ရှစ်မှတ် ရရှိထားသည်။

သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MNL

တာချီလိတ်မြို့၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းဖွင့်ပွဲ ကျင်းပ

တာချီလိတ် အောက်တိုဘာ ၂၃

နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ တာချီလိတ်မြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာ သင်တန်းကျောင်း၏ အဆင့်မြင့် အိမ်တွင်းမှုစက်ချုပ် သင်တန်းအမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါသင်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဌေးဌေးမော်တို့က ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းရာ ဒုတိယကျောင်းအုပ်ကြီး ဒေါ်ခန့်စုယဉ်က လက်ခံရယူပြီး အခမ်းအနား တက်ရောက်လာကြသူများက သင်တန်းသူများအား အခမဲ့ ထောက်ပံ့ပေးမည့် သင်ထောက်ကူပစ္စည်း ၃၈ မျိုးနှင့် သင်တန်းတွင် သင်ကြားပေးမည့် မုန့်များ၊ အဝတ်အထည်များအား ကြည့်ရှုလေ့လာခဲ့ကြသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသူ ၃၀ တက်ရောက်ပြီး သင်တန်းတွင် အဝတ်အထည်ချုပ်လုပ်ခြင်း၊ ဟင်းလျာ ချက်ပြုတ်ခြင်းနှင့် မုန့်ဖုတ်နည်းများကို သင်တန်းကာလ ငါးလကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သန်းဇော်(တာချီလိတ်)

မြဝတီခရိုင် လူထုအခြေပြုဗဟိုဌာန၌ စာပေချစ်မြတ်နိုးသူအသင်းဝင်များဖြင့် စာဖတ်ဝိုင်းကျင်းပ

မြဝတီ အောက်တိုဘာ ၂၃

ကရင်ပြည်နယ် မြဝတီခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာပေချစ်မြတ်နိုးသူများစုပေါင်း၍ ယနေ့နံနက် ၁၁ နာရီတွင် စာရေးဆရာ ဒေါက်တာခင်မောင်ညို၏ လူငယ်နှင့် အကောင်းဆုံးသောဘဝကို တည်ဆောက်ခြင်း စာအုပ်ဖြင့် စာဖတ်ဝိုင်းကျင်းပသည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီက စာဖတ်ဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကိုရှင်းလင်းပေးပြီး စာရေးဆရာမောင်ရဲမာန်(မြဝတီ)က လူငယ်နှင့် အမှား၊ လူငယ်နှင့် အောင်မြင်ခြင်း ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အထက်တန်းပြဆရာမ ဒေါ်မေသဇင်ချစ်က ပညာရေးအစ စာအုပ်များဖြင့် အစပြုပါ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာပေဝါသနာရှင် ဦးရွှေက လူမျိုးမြင့်ဖို့ စာဖတ်စို့ ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးပေးကြသည်။

ဆက်လက်၍ စာပေဝါသနာရှင်ကျောင်းသားကျောင်းသူများက စာအုပ်တွင်ပါဝင်သည့် ခေါင်းစဉ်များအလိုက် အပြန်အလှန် မေးမြန်းဆွေးနွေးကြပြီး စာရေးဆရာမောင်ရဲမာန်(မြဝတီ)က လူငယ်ဆိုသည်မှာ အမှားမကင်း၍ ထိုအမှားမှအမှန်ပြင်နိုင်ရမည်ဖြစ်ကြောင်း၊ ဖတ်ရှုသည့် စာအုပ်အပေါ်အကြောင်းအရာအလိုက် သုံးသပ်ချက်အမြင်များနှင့် ကျောင်းသားကျောင်းသူများ ခွန်အားဖြစ်စေမည့် အားပေးစကားများ ပြောကြားပေးခဲ့ကြောင်း သိရသည်။

ဇာဖြူဝင်း(ပြန်/ဆက်)

ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၂၃

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"NCA နှင့် ရိုးသားမှု"**ခေါင်းစဉ်ဖြင့် ၂၅-၁၀-၂၀၂၃ ရက်မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁ နာရီတွင် **"ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်ဘူတာနှင့် တော်ဝိဘူတာအကြား ရထားလမ်းအား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

ဓာတ်ခွဲနမူနာစုစုပေါင်း ၂၅၆၉ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိ

ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၃-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၂၂-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၃-၁၀-၂၀၂၃) ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၅၆၉)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

❂ ကျောဖုံးမှ

အေစီမီလန်အသင်းကတော့ ဂျူဗင်တပ်အသင်းကို ရှုံးနိမ့်ခဲ့လို့ အီတလီစီးရီးအေအမှတ်ပေးဇယားထိပ်ဆုံးမှာ ရပ်တည်နိုင်မယ့်အခွင့်အရေးနဲ့ လွဲခဲ့ရကာ အီတလီစီးရီးအေပွဲစဉ် ကိုးပွဲကစားပြီးချိန်မှာ ရမှတ် ၂၁ မှတ်နဲ့ အမှတ်ပေးဇယား အဆင့်(၂)နေရာမှာ ရပ်တည်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

အခြားသော အီတလီစီးရီးအေပွဲစဉ်တွေမှာတော့ ရိုးမားအသင်းက မွန်ဇာအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဘိုလော့နာအသင်းက ဖရိုစီနိုနီအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ အတ္တလန္တာအသင်းက ဂျီနိုအာအသင်းကို နှစ်ဂိုး-ဂိုးမရှိနဲ့ အသီးသီးအနိုင်ရရှိခဲ့ပြီး ဆယ်လာနီတာနာအသင်းနဲ့ ကာဂလီယာရီအသင်းတို့ ပွဲစဉ်မှာတော့ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

ငွေကြယ်

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

ပြည်မြို့၌ (၄၂)ကြိမ်မြောက် ပြည်တောင်တန်းတောရကျောင်းများအတွက် ဆွမ်းဆန်တော် လောင်းလှူပွဲ ကျင်းပ

ပြည် အောက်တိုဘာ ၂၃

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများသည် အောက်တိုဘာ ၂၂ ရက် မွန်းလွဲပိုင်းက ပြည်မြို့ မြို့ကျက်သရေဆောင် သာသနာ့ ဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်သော တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ပြည်)၊ ပြည်မြို့ဆန်အလှူရှင်အသင်းနှင့် ဒေသခံအလှူရှင်များ စုပေါင်း၍ ပြည်မြို့၌ (၄၂)ကြိမ်မြောက် ဆွမ်းဆန်တော် လောင်းလှူပွဲ အခမ်းအနားသို့ တက်ရောက် လောင်းလှူခဲ့သည်။

ကိုးပါးသီလခံယူဆောက်တည်

ဦးစွာ ကြွရောက်လာသည့် ဆရာတော်၊ သံဃာတော်များနှင့် ဧည့်ပရိသတ်များက နမော တဿ (၃)ကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားအား ဖွင့်လှစ်ပေးခဲ့ပြီး ပြည်မြို့ ရတနာမာရ်အောင်တောရကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်အပေါင်းတို့က ကိုးပါးသီလခံယူ ဆောက်တည်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားခဲ့ပြီး ပြည်ဆန်လှူရှင်အသင်းကြီး၏ ဥက္ကဋ္ဌ ဦးသန်းစိုးက သာသနာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများအား လျှောက်ထားခဲ့ကာ ဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက ဩဝါဒါစရိယ ဆရာတော်ကြီးများထံ ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ၎င်းနောက် အလှူရှင်များအား ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြသည်။

ယင်းနောက် ပြည်မြို့ ဆံတော်ရပ်ကွက် မဟာသုဒဿနာရာမ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသေဋ္ဌိလ ထံမှ လှူဒါန်းမှုအစုစုအတွက် အနုမောဒနာတရား နာယူ၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

လောင်းလှူပူဇော်

ဆက်လက်၍ ဆွမ်းဆန်တော် လောင်းလှူပွဲအား ကျင်းပရာ ကြွရောက်လာကြသည့် ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့ အမှူးပြုသော ဧည့်ပရိသတ်များက ဆွမ်းဆန်၊ ဆီ၊ ပဲ၊ ဆားနှင့် နဝကမ္မ အလှူငွေများ လောင်းလှူပူဇော်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပြည်ခရိုင်အတွင်းရှိ ပရိယတ္တိစာသင်တိုက်နှင့် သီလရှင် စုစုပေါင်း ၄၉၅ ကျောင်းအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ဆန်အိတ် ၆၀၀ အပါအဝင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ မြန်မာ့စီးပွားရေးဦးပိုင် လီမိတက်၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ပြည်)၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများ စုပေါင်း၍ ဆွမ်းဆန်တော် ၂၁၃၂ အိတ်၊ ဆီ ပိဿာ ၃၅၈၀၊ ပဲ ၃၅၈ ပိဿာ၊ ဆား ၃၅၈ ပိဿာ စုစုပေါင်း လှူဒါန်းမှုတန်ဖိုး ၁၀၅၃၅၈၈၀၀ အား ဆက်ကပ်လောင်းလှူပူဇော်ခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပြည်မြို့ ယဉ်ပေါင်စာဘုန်းတော်ကြီး ကျောင်း၌ ဘဝနတ်ထံပျံလွန်တော်မူသွားသည့် ဦးစီးပဓာန နာယကဆရာတော် ဦးပဏ္ဍိတာနန္ဒ သက်တော်(၇၁)နှစ် သိက္ခာတော် (၅၁)ဝါ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် (ရွှေကျင်ဂိုဏ်း)၏ ရုပ်ကလာပ်တော်အား သွားရောက်ဖူးမြော်ကန်တော့ခဲ့ပြီး အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး /ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၁၀-၂၀၂၃ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လှိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၀၆၅	၂၁၁၅	၂၁၁၀	၂၀၇၅	၂၁၁၀	၂၁၃၅	၂၁၂၀	၂၁၀၀	၂၁၉၅	၂၂၁၀	၂၁၀၅	၂၁၁၅	၂၁၅၀	၂၁၅၀	၂၁၅၅	၂၃၈၅	၂၉၅၀
95 Ron	၂၁၆၀	၂၂၁၀	၂၂၀၅	၂၁၆၅	၂၂၀၅	၂၂၃၀	၂၂၁၅	၂၁၉၀	၂၂၉၀	၂၃၀၅	၂၁၉၅	၂၂၁၅	၂၂၄၅	၂၂၄၅	၂၂၄၅	၂၄၇၅	၃၀၅၀
HSD (500 ppm)	၂၃၁၀	၂၃၅၅	၂၃၅၀	၂၃၁၅	၂၃၅၅	၂၃၈၀	၂၃၇၅	၂၃၄၀	၂၄၆၀	၂၄၅၅	၂၃၄၅	၂၃၅၅	၂၃၉၅	၂၃၉၅	၂၃၉၅	၂၆၂၅	၃၂၉၀
HSD (50 ppm)	၂၄၂၀	၂၄၇၀	၂၄၆၅	၂၄၃၀	၂၄၆၅	၂၄၉၀	၂၄၈၅	၂၄၅၀	၂၅၇၀	၂၅၆၅	၂၄၆၀	၂၄၇၀	၂၅၀၅	၂၅၀၅	၂၅၁၀	၂၇၃၅	၃၃၅၀
HSD (10 ppm)	၂၄၂၅	၂၄၇၅	၂၄၇၀	၂၄၃၅	၂၄၇၀	၂၄၉၅	၂၄၉၀	၂၄၆၀	၂၅၈၀	၂၅၇၅	၂၄၆၅	၂၄၇၅	၂၅၁၀	၂၅၁၀	၂၅၁၅	၂၇၄၅	၃၃၅၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၉၆၀	၂၀၃၃
95 Ron	၂၀၅၀	၂၁၂၅
HSD (500 ppm)	၂၁၉၆	၂၂၆၉
HSD (50 ppm)	၂၃၀၃	၂၃၇၉
HSD (10 ppm)	၂၃၀၉	၂၃၈၅

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၄-၁၀-၂၀၂၃ အင်္ဂါနေ့

MRTV HD

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏ပေမတ္တသုတ်၊ ရတနသုတ်၊ မေတ္တသုတ်၊ အနန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၀ 'ယဉ်ကျေးမှုမြင့်မား နိုင်ငံဂုဏ်ယူဝင့်ကြွား'
- ၀၈:၄၅ '၂၀၂၃ခုနှစ်၊ (၂၄)ကြိမ်မြောက်မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်'
- ၁၀:၃၅ 'တောင်ပိုင်းပိုးလမ်းမသစ်တရုတ်-မြန်မာအခန်းကဏ္ဍများ' (အပိုင်း-၇)
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၄)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ဆေး' (အပိုင်း-၁၅)
- ၁၄:၃၀ မျိုးဂုဏ်တင့်စေဆိုကရေးတီးအငွေ
- ၁၅:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွင့်မျှံအမုန်း' (အပိုင်း-၄၄)
- ၁၅:၃၀ Weekly MNL Review
- ၁၆:၃၅ 'ကမ္ဘာ့တစ်လွှားအနုပညာသတင်းများ'
- ၁၇:၁၅ ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
- ၁၇:၄၀ 'ကမ္ဘာ့ကုလသမဂ္ဂနေ့'
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ဆေး' (အပိုင်း-၁၆)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ '၂၀၂၃ခုနှစ်၊ (၂၄)ကြိမ်မြောက်မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ' (ပထမနေ့)
- ၂၁:၁၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (ဇာတ်သိမ်းပိုင်း)

mitv

- 07:02 Evergreen Classic: Metta Inngyin Yagon (Sein Lei Lei)
- 07:11 Products of Myanmar - Seashells Products
- 07:30 Exceptional Life Styles of Inle Lake
- 07:50 Colonial Buildings and a New Yangon
- 08:01 News
- 08:27 Kyauk Gu Umin Cave Gu Pha Ya
- 08:43 The Eel Business
- 09:01 Ramayana Classic Talk & Discussion (Episode-1)
- 09:27 The Strokes of Myanmar
- 09:53 Compelling Benefits of Radiation Technology
- 10:01 News
- 10:27 Mosaic Painting (Precious Stones & Gems)

MRTV NRC

မွန် (၀၆:၀၀ မှ ၀၈:၀၀)
မုဒုံမြို့သို့အလည်တစ်ခေါက် ဘင်လှိုင်ဘုရား

ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)
ရခိုင်ဘာသာစကားပြောကြရအောင် (ပန်းမာလာအခေါ်အဝေါ်)

ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)
ထိန်းသိမ်းအစဉ်အလာတို့ဓလေ့ရိုးရာ

ဝ (၁၂:၀၀ မှ ၁၄:၀၀)
ကျိုင်းတုံမြို့ရဲ့အထင်ကရနေရာများသို့ (အပိုင်း-၂)

ကချင် (၁၄:၀၀ မှ ၁၆:၀၀)
ကချင်ချောင်းသာသို့အလည်တစ်ခေါက်

ကယား (၁၆:၀၀ မှ ၁၈:၀၀)
သဘာဝကပေးအသက်ရှည်ဆေး

ဝကကကရင် (၁၈:၀၀ မှ ၁၉:၀၀)
ထူးဆန်းဖွယ်ရာဓလေ့ရိုးရာ (တလေဒူးခုန်ခြင်းအကြောင်း)

အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)
တိုင်းရောရဲ့ထင်ရှားကျော်ကြားဒေသများ

အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)
စားချင်စရာ 'ဝ' ဥဟင်းအရသာ

ချင်း (လိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀)
ချင်းဘာသာစကားပြောကြရအောင် (အပိုင်း-၃)

ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀)
ချင်းရိုးရာခေါင်

MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ (၂၄)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနား (Live)
- ၁၀:၄၅ အသိပညာနှင့်အမှန်တရား
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၉:၁၅ ကမ္ဘာ့ကုလသမဂ္ဂနေ့ (United Nations Day)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ (၂၄)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနား (Live)
- ၁၀:၃၀ ဒီမိုကရေစီဆိုသည်မှာ
- ၁၁:၀၀ နိုင်ငံတကာဈွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၁၄)

MRTV FARMERS' Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၄၅ ဖတ်စရာမှတ်စရာဆောင်းပါးကဏ္ဍ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၀:၀၀ Starting a $188K/year Pig Farm Business (from Scratch)
- ၁၀:၃၀ A Pen Full of Trouble
- ၁၉:၀၀ June Tour of Our South Garden! // Garden Answer
- ၂၂:၀၀ ဒေါင်ရှာကလူပျိုညာ (ဇာတ်လမ်း)

MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ အားကစားလောကဲကသူတို့အကြောင်း
- ၀၆:၅၀ Sports Diary
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၃၀ Seagames Interview

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ တည်းခိုခန်းနှင့်ဟိုတယ်များ အခန်းပြည့်လုနီးပါး ကြိုတင်မှာယူထား

ရန်ကုန် အောက်တိုဘာ ၂၃

ယခုနှစ် သီတင်းကျွတ်လပြည့်နေ့တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လာရောက်လည်ပတ်ကြမည့် ခရီးသွားဧည့်သည် များပြားနိုင်ကြောင်းနှင့် တည်းခိုခန်းနှင့် ဟိုတယ်များတွင် အခန်းပြည့်လုနီးပါး ကြိုတင်မှာယူထားကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ပုဂံရုံးခွဲ)မှ သိရသည်။

ပုဂံဒေသသို့ သီတင်းကျွတ်လပြည့် (အဖိတ်နေ့) မတိုင်မီ ပြည်ပခရီးသွားများနှင့် မြန်မာပြည်အထက်ပိုင်း၊ အောက်ပိုင်းမှ ဘုရားဖူးများ တဖွဲဖွဲဝင်ရောက်လေ့ရှိသည်။ အဖိတ်နေ့၊ သီတင်းကျွတ်လပြည့်နေ့နှင့် လပြည့်ကျော်(၁)ရက်နေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးနေ့ထူးနေ့မြတ်ဖြစ်ပြီး အလှူအတန်းနှင့် ကုသိုလ်ကောင်းမှုပြုလုပ်မှု အထူးများပြားသောနေ့ဖြစ်သည့်အပြင် ပုဂံရှေးဟောင်းနယ်မြေ၏ ညပိုင်း Night See အလှကို အပြည့်အဝတွေ့မြင်ခွင့်ရသည့်အတွက် ပြည်တွင်း ပြည်ပခရီးသွားများ အထူးနှစ်ခြိုက်လေ့ရှိသည့် ခရီးသွားပွဲတော်ကာလဖြစ်သည်။

အဆိုပါ ခရီးသွားပွဲတော်ကာလ၌ ခရီးသွားဝင်ရောက်မှု များပြားသည့်အတွက် တည်းခိုခန်းနှင့် ဟိုတယ်များ အခန်းပြည့်လေ့ရှိပြီး ဘုန်းတော်ကြီးကျောင်းများနှင့် ဘုရားတန်ဆောင်းများ၊ ကျေးရွာများ၊ ပုဂံဒေသကားလမ်းတစ်လျှောက်ရှိ ယာဉ်များပေါ်၌ နားခိုလည်ပတ်ရသည်အထိ ခရီးသွားဝင်ရောက်မှု အထူးစည်ကားလေ့ရှိသည်။

"သီတင်းကျွတ်လပြည့်ကာလမှာ ပုဂံဒေသနဲ့ ညောင်ဦးက ဟိုတယ်တွေမှာ အခန်းမှာယူထားမှုပြည့်နေပြီလို့ ပြောရမှာပါ။ မနှစ်က ဟိုတယ် ၇၀ ကျော်ပဲ ဖွင့်ခဲ့ပြီး ဒီနှစ် ဟိုတယ်နဲ့တည်းခိုခန်း ၈၃ လုံး ဖွင့်ထားတာ၊ အားလုံးနီးပါး အခန်းပြည့်နေပါပြီ။ ထပ်ပြီးဖွင့်မယ့် ဟိုတယ်တွေလည်း ရှိနေပါတယ်။ မနှစ်က သီတင်းကျွတ်လပြည့်နေ့ထက် ဒီနှစ်ခရီးသွားတွေပိုများလာပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ခရီးသွားမြှင့်တင်ရေးကဏ္ဍကို လုပ်ဆောင်နေတာရှိပါတယ်။ အဲဒီအပေါ်မှာ တတ်နိုင်သမျှ အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ ဒီနှစ်ခရီးသွားရာသီမှာ တရုတ်၊ အိန္ဒိယက ခရီးသွားတွေလည်း ဝင်ရောက်လာမယ်လို့ မျှော်မှန်းထားပါတယ်။ မနှစ်က ပြည်ပခရီးသွားတစ်သောင်းကျော် ဝင်ရောက်ခဲ့ပြီး ဒီနှစ်ခရီးသွားတွေ ပိုမိုဝင်ရောက်လာတာကို တွေ့ရမှာပါ။ ပုဂံခရီးသွားဒေသဟာ ရှေ့ဆက်ပြီး ဖွံ့ဖြိုးလာမယ်လို့လည်း ယုံကြည်ပါတယ်"ဟု ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲ)မှ ဦးဝင်းအောင်က ပြောသည်။

၂၀၂၂ ခုနှစ် သီတင်းကျွတ်လပြည့်နေ့တွင် ပုဂံယဉ်ကျေးမှုနယ်မြေရှိ အထင်ကရ ဘုရား/စေတီများသို့ ခရီးသွားတစ်သိန်းခွဲခန့်အထိ ဝင်ရောက်ခဲ့ပြီး ရွှေစည်းခုံ၊ ထီးလိုမင်းလို၊ အလိုတော်ပြည့်၊ အာနန္ဒာစေတီတော်၊ စူဠာမဏိ၊ ဓမ္မရံကြီး၊ ရွှေဆံတော်၊ သဗ္ဗညုစေတီတော်၊ ကန်တော့ပလ္လင်၊ ဗူးဘုရား၊ မနူဟာစေတီတော်၊ မြစေတီ၊ လောကနန္ဒာ၊ ဓမ္မရာဇိက၊ ငှက်ပစ်တောင်၊ တူးရွှင်းတောင်နှင့် တန့်ကြည်တောင်တို့တွင် နံနက်စောစောမှ ညပိုင်း ဆီမီးပူဇော်သည့်အချိန်အထိ ဘုရားဖူးများဖြင့် အထူးစည်ကားခဲ့ကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး

ဆင်ဖြူတော်ကလေး"ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၃

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှ၊ အသက် ၃၃ နှစ်က ဆင်ဖြူတော် (အထီး)ကလေး တစ်စီးအား ၂၀၂၂ ခုနှစ် ဇူလိုင်၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါ ဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့် ရှိသည်။

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက" ဖြစ်ပြီး အဆိုပါဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဍာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီ ပါရှိခြင်း၊ နားကြီးခြင်း စသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်လေး ဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ယခုအသက် ၁ နှစ်၊ ၃ လသားအရွယ်တွင် အရပ်အမြင့် ၄ ပေ၊ ကိုယ်လုံးလုံးပတ် ၆ ပေ ၅ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၈၈၀ ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက"မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

မိုင်းယန်းမြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

မိုင်းယန်း အောက်တိုဘာ ၂၃

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မိုင်းလွေကျေးရွာအုပ်စု ပန်ဆောင်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုများကို ယနေ့နံနက်ပိုင်းတွင် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးမှာကြား

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများသည် ပန်ဆောင်ကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်း အရှည်တစ်မိုင်၊ အကျယ် ၁၂ ပေ၊ ဒုကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောက်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တာဝန်ခံများ၊ ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ပန်ဆောင်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၄၂ ဒသမ ၀၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် ရွှေပန်ကွဲကုမ္ပဏီမှ ဇွန်လစတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၃၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက အဆိုပါကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ လယ်ယာမြေကေများမှ ထွက်ရှိသော စိုက်ပျိုးသီးနှံထွက်ကုန်၊ ထုတ်ကုန်များဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

၂၂၂

ပူတာအိုခရိုင်၌ ကျေးဇူးတော်ချီးမွမ်းပွဲ(ကောက်သစ်စားပွဲ)များ အသင်းတော်အသီးသီးတွင် ကျင်းပ

ပူတာအို အောက်တိုဘာ ၂၃

ကချင်ပြည်နယ် ပူတာအိုခရိုင်တွင် နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲပွဲတော်ဖြစ်သည့် ကျေးဇူးတော်ချီးမွမ်းပွဲ (ကောက်သစ်စားပွဲ)များကို ၂၀၂၃ ခုနှစ်အတွက် ယခုလမှစတင်ကာ အသင်းတော်အသီးသီးတွင် ကျင်းပနေကြပြီဖြစ်ကြောင်း သိရသည်။

ကျေးဇူးတော်ချီးမွမ်းပွဲ (ကောက်သစ်စားပွဲ)များကို ပူတာအိုဒေသတွင် နှစ်စဉ် အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် အများအားဖြင့် ကျင်းပလေ့ရှိသော ပွဲတော်ဖြစ်ပြီး ကျေးဇူးတော်ချီးမွမ်းပွဲ (ကောက်သစ်စားပွဲ)တွင် မိုးရာသီစိုက်ပျိုးခဲ့သော ကောက်ပဲသီးနှံများမှ အဦးသီး သီးနှံများဖြင့် ပူဇော်ပသကာ တစ်နှစ်တာလုံး ရရှိခံစားကြသော ကောင်းကြီးများအတွက် ကျေးဇူးတော်ချီးမွမ်းသော ပွဲတော်ဖြစ်သည်။

အဆိုပါပွဲတော်တွင် ဝတ်ပြုကိုးကွယ်ခြင်း အစီအစဉ်များ၊ ညပိုင်းဖျော်ဖြေရေးအစီအစဉ်များ၊ အကပဒေသာများ၊ မိတ်ဆုံစားပွဲအစီအစဉ်များကို ထည့်သွင်းကာ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြပြီး ကျေးဇူးတော်ချီးမွမ်းပွဲကို ပူတာအိုဒေသတွင် မိသားစုအလိုက်သော်လည်းကောင်း၊ အသင်းတော်အလိုက်သော်လည်းကောင်း၊ သာသနာနယ်အလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း ကျင်းပလေ့ရှိကြောင်း သိရသည်။

ဖုန်ကန်(ပူတာအို)

မျက်မြေးရောင်ရောဂါ၊ မျက်စိနာရောဂါများ သတိပြုဆင်ခြင်ပါ

ပေါက်ပေါက်

ယခုကာလတွင် ရာသီဥတုသည် ရုံဖန်ရံခါ နေ့အပူချိန် လွန်စွာမြင့်တက်လေ့ရှိသကဲ့သို့ ရံဖန်ရံခါ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်လေ့ရှိသည်။ အဆိုပါ အပူအအေးမမျှတခြင်း ရာသီဥတုအခြေအနေကြောင့် မြန်မာပြည်အတွင်း ကလေး၊ လူကြီးများတွင် မျက်မြေးရောဂါ၊ မျက်စိနာရောဂါများ ဖြစ်ပေါ်လျက်ရှိနေကြသည်။

"မျက်စိနာတယ်" ဟု ဆိုကြသော်လည်း အမှန်စင်စစ် မျက်လုံး၏ အဖြူရောင်အသား (Sclera) ကို ကာကွယ်ပေးထားသည့် အမြှေးပါးအကြည်လေး (Conjunctiva) ရောင်ရမ်းခြင်းဖြစ်ပါသည်။ ၎င်းကို ဆေးသိပ္ပံနည်းအရ Conjunctivitis ဟုခေါ်ကာ အင်္ဂလိပ်လို Pink Eye ဟု ခေါ်ဆိုကြသည်။ မြန်မာနိုင်ငံ ဒေသတချို့တွင် ဒေသအခေါ်အရ "မျက်စိကျိန်းတယ်"ဟု ဆိုကြသည်။ မျက်စိနာအမျိုးအစား သုံးမျိုးရှိသည်။ ၎င်းတို့မှာ –

- မျက်မြေးအောက်တွင် သွေးခြေဥများတွေ့ပါက ဗိုင်းရပ်စ်ပိုးကြောင့် မျက်စိနာခြင်းဖြစ်သည်။
- ဗက်တီးရီးယားကြောင့် မျက်စိနာပါက လွန်စွာနီရဲသော ကတီပါစကဲ့သို့ဖြစ်နေမည်။
- သွေးယားခြင်းကြောင့် မျက်စိနာပါက မျက်မြေးမနီဘဲ နို့နှစ်ရောင်ပေါက်နေသည်။

လတ်တလောဖြစ်ပွားနေသော မျက်မြေးရောင်ရောဂါ သို့မဟုတ် မျက်စိနာရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားပြီး ရောဂါဖြစ်ပွားလျှင် ငါးရက်မှ ခုနစ်ရက်ခန့်အထိ ကြာမြင့်တတ်ပါသည်။ သို့သော် ရက်သတ္တပတ်ကျော်သွားသည်အထိ မျက်စိနာနေပါက မပေါ့ဆသင့်ဘဲ ဆရာဝန်နှင့်ပြသင့်ပါသည်။

ရောဂါလက္ခဏာများ

မျက်စိနီရဲခြင်း၊ မျက်စိယားယံခြင်း၊ မျက်ရည်ယိုခြင်း၊ မျက်စိနာကျင်ရောင်ရမ်းခြင်း၊ အလင်းရောင်မကြည့်နိုင်ခြင်း၊ မျက်ရည်ပူများ ပုံမှန်ထက်ပိုကျခြင်း၊ မျက်လုံးထဲ၌ ပြင်ပကအမှုန်အမွှား သို့မဟုတ် ပစ္စည်းတစ်ခုခု ဝင်ရောက်နေသကဲ့သို့ ခိုးလိုးခုလုခံစားရခြင်း၊ မျက်ဝတ်များထွက်လာခြင်း စသည့်လက္ခဏာများခံစားရသဖြင့် လူကို ကသိကအောက်ဖြစ်စေပါသည်။ အခြေအနေပြင်းထန်ပါက မျက်ခွံ၏အတွင်းပိုင်း မျက်မြေးတွင် အဖုကလေးများ ထွက်ပေါ်လာတတ်၍ လုံးဝမပေါ့ဆသင့်ပေ။

ကူးစက်ပြန့်ပွားပုံ

များသောအားဖြင့် မျက်စိတစ်ဖက်ချင်းစီမှ စတင်၍ စူးရှနာကျင်တတ်ပြီး လက် သို့မဟုတ် မျက်နှာသုတ်ပဝါ သို့မဟုတ် ခေါင်းအုံးစွပ်များမှ တစ်ဆင့် မျက်စိနာတစ်ဖက်မှ နောက်တစ်ဖက်သို့ ရောဂါကူးစက်သည်။ ထို့ပြင် မျက်စိနာကို ကိုင်တွယ်ပွတ်သပ်မိသော လက်ချောင်းများမှတစ်ဆင့် တခြားသူတစ်ဦးဦးဆီသို့လည်း မျက်စိနာရောဂါ အလွယ်တကူ ကူးစက်ပြန့်ပွားနိုင်ပါသည်။ ထို့ပြင် ရောဂါဖြစ်နေသူ၏ အသုံးအဆောင်များကို ကိုင်တွယ်သုံးစွဲခြင်းနှင့် နီးကပ်စွာ အတူနေထိုင်ခြင်းတို့ကြောင့် ရောဂါအလွယ်တကူ ကူးစက်ပြန့်ပွားနိုင်သဖြင့် အထူးသတိပြုရှောင်ရှားရပါမည်။

အောက်ပါနည်းလမ်းများက မျက်စိနာရောဂါကို သက်သာပျောက်ကင်းစေပါသည်။

- မျက်ကပ်မှန်တပ်ဆင်ခြင်း၊ ရေကူးခြင်း၊ ခေါင်းလျှော်ခြင်း စသည်တို့ကို လုံးဝရှောင်ကြဉ်သင့်ပါသည်။
- မျက်စိကို ခဏခဏပွတ်ခြင်း လုံးဝမပြုရပါ။
- နာကျင်ရောင်ရမ်းယားယံမှု သက်သာစေရန်အတွက် သန့်စင်သည့်အဝတ်စ သို့မဟုတ် ပတ်တီးစတစ်ခုကို ရေအေးအေးတစ်ခွက်တွင် နှစ်စိမ်ပြီးနောက်၊ ရေကိုညှစ်ထုတ်ပြီး ၎င်းအဝတ်စဖြင့် မျက်စိပေါ်တင်ထားပေးပါ။
- တတ်နိုင်သမျှ မျက်လုံးကို အနားပေးပါ။ အထူးသဖြင့် ဖုန်း၊ ကွန်ပျူတာ၊ တီဗွီကြည့်ခြင်း ရှောင်ကြဉ်ရပါမည်။

မျက်မြေးရောဂါ၊ မျက်စိနာရောဂါ မပြန့်ပွားစေရန် တိုက်တွန်းချက်

- ကူးစက်လွယ်သော ရောဂါဖြစ်သဖြင့် ရောဂါဖြစ်သူ၏အသုံးအဆောင် (အထူးသဖြင့်အမျိုးသမီးမျက်နှာအလှပြင်ပစ္စည်းများ၊ မျက်နှာသုတ်ပဝါ၊ လက်ကိုင်ပဝါ)များကို အခြားသူများက အတူသုံးစွဲခြင်း လုံးဝမပြုလုပ်ရပါ။ လက်ကိုင်ပဝါအစား တစ်ခါသုံး တစ်ရှူးစက္ကူကို အသုံးပြုသင့်ပြီး ရောဂါဖြစ်သူ၏ အဝတ်အစားများကိုလည်း သီးသန့်လျှော်ဖွပ်သန့်စင်ရပါမည်)
- ရောဂါဖြစ်ပွားပါက မျက်စိနာသူ၏ မျက်လုံးတစ်ဝိုက်ကို သန့်ရှင်းရေးပြုလုပ်ပေးပြီး မျက်ရည်တုမျက်စဉ်းဆေးရည် (Artificial Tear Eye Drops) ကို တစ်နေ့ သုံးလေးကြိမ် ခတ်နိုင်ပါသည်။ Neomycin၊ Norfloxacin၊ Ofloxacin စသည့် ပဋိဇီဝပိုးသတ်ဆေးများပါဝင်သော မျက်စဉ်းဆေးရည်ကိုလည်း သုံးနိုင်ပါသည်။
- မျက်စိကို မသန့်ရှင်းမီနှင့် မျက်စဉ်းဆေးရည် ခတ်ပြီးတိုင်း လက်ကို ဆပ်ပြာဖြင့် သေချာစွာ ဆေးကြောရပါမည်။
- ရောဂါမသက်သာပါက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းများနှင့် မျက်စိကုဌာနသို့ ပြသပါ။
- အခြားသူများသို့ ရောဂါမကူးစက်စေရန်အတွက် ရောဂါဖြစ်သူသည် မျက်စိကို မကိုင်မိစေရန် အကာအကွယ် မျက်မှန်တပ်ထားသင့်ပါသည်။
- မိမိကြောင့် တစ်ပါးသူတို့အား မျက်စိနာ မကူးစက်ရလေအောင် အိမ်တွင် စနစ်တကျနား၍ ကျောင်းတက်၊ အလုပ်သွားခြင်းတို့ကို ဆင်ခြင်ပါ။
- မဖြစ်မနေ အပြင်သွားရလျှင် နေကာမျက်မှန်တပ်ထားရပါမည်။

မျက်စိနာခြင်းအတွက် အိမ်တွင်းကုထုံးများ

ရှေးယခင်က မျက်စိနာရောဂါအတွက် အိမ်တွင်းကုထုံးများစွာကို အားကိုးလာခဲ့ကြသည်။ အဆိုပါ အိမ်တွင်းကုထုံးတချို့ကို ဗဟုသုတတစ်ရပ်အနေဖြင့် ရေးသားဖော်ပြလိုက်ရပါသည်။

- ကြိတ်မှန်ရွက် ကြိတ်ဖတ်နှင့် မန်ကျည်းသီးအနှစ်ကိုနယ်၍ ညအိပ်ရာဝင် မျက်ခွံပေါ်အုံပေးပါ။ (အကယ်၍ ကြိတ်မှန်ရွက်မရနိုင်ပါက မန်ကျည်းသီးအနှစ် တစ်မျိုးတည်းကို သုံးနိုင်ပါသည်)
- မန်ကျည်းပင်ခေါက်ကို ဆားနှင့် ခပ်ပျစ်ပျစ်သွေး၍ ညအိပ်ရာဝင်၊ မျက်ခွံပေါ် လိမ်းအိပ်ပါ။
- မန်ကျည်းရွက်ထောင်း၍ ရလာသောအရည်ဖြင့် မျက်စိကိုကွင်းပေးပါ။
- အနီရောင်ပန်းပွင့်သော တောကြက်မောက်ပင်အမြစ်ကို ဆားနှင့်သွေး၍ မျက်စိတွင်ကွင်းပါ။
- မြင်းခွာရွက်ကို ချင်း (ဂျင်း)နှင့်ဖျော်၍ သောက်ပေးပါ သို့မဟုတ် မြင်းခွာရွက်ကို ချင်း(ဂျင်း)စိမ်းနှင့် ရောကာစားပါ။
- အနီရောင် ဆေးမြင်းခွာကို ချင်း(ဂျင်း)နှင့် သုပ်စားခြင်းက မျက်စိနာရောဂါ လက်တွေ့ပျောက်ကင်းနိုင်သည်။
- ဆီးဖြူသီးစားပါ။
- မုန်လာဥအဖြူစားပါ။ မုန်လာဥအဖြူကို ခပ်ပါးပါးလှီး၍ မျက်ခွံပေါ်ကပ်ပေးပါ။
- အညာဒေသတွင် ပေါက်လေ့ရှိသော ကျည်းပင် (ကျည်နီးပင်)၏ အစေ့အဆန်ကိုသွေး၍ မျက်စိတွင် ကွင်းလိမ်းပေးပါ။
- နံ့သာနီပင် သို့မဟုတ် နံ့သာနီပင်အမြစ် သွေးလိမ်းပါ။
- ကရမက်လိမ်းပါ။
- ဆီးသီး၊ ဖရဲသီး၊ ငှက်ပျောသီးဖီးကြမ်းအမှည့်၊ စပျစ်သီးအမှည့်၊ သင်္ဘောသီး၊ ခရမ်းချဉ်သီး၊ ဒန့်သလွန်သီး၊ ဩဇာသီး စားသုံးနိုင်ပါသည်။

အထက်ဖော်ပြပါ ဆေးမြီးတိုများက မျက်စိနာခြင်းကို ထိထိရောက်ရောက် သက်သာပျောက်ကင်းစေပါသည်။ သို့သော် မျက်လုံးထဲ တိုက်ရိုက်မထည့်ဘဲ မျက်ခွံ သို့မဟုတ် မျက်စိတစ်ဝိုက်တွင်သာ လိမ်းအုံပေးရမည်ဖြစ်ပါသည်။

သတိပြုရန်

မျက်စိနာရောဂါဖြစ်ပါက မျက်နှာကို နံ့သာဖြူ တောင်တန်ကြီး လုံးဝမလိမ်းပါနှင့်။ မြင်းသား၊ ငါးသလောက်၊ ငါးစင်ရိုင်း၊ ကြပိုးဝါးမျှစ်နှင့် မျှစ်ချဉ်အမျိုးမျိုး၊ တညင်းသီး၊ သရက်သီးတို့ကို ရှောင်ကြဉ်ရပါမည်။ ။

"မျက်စိနီရဲခြင်း၊ မျက်စိယားယံခြင်း၊ မျက်ရည်ယိုခြင်း၊ မျက်စိနာကျင်ရောင်ရမ်းခြင်း၊ အလင်းရောင်မကြည့်နိုင်ခြင်း၊ မျက်ရည်ပူများ ပုံမှန်ထက်ပိုကျခြင်း၊ မျက်လုံးထဲ၌ ပြင်ပကအမှုန်အမွှား သို့မဟုတ် ပစ္စည်းတစ်ခုခု ဝင်ရောက်နေသကဲ့သို့ ခိုးလိုးခုလုခံစားရခြင်း၊ မျက်ဝတ်များထွက်လာခြင်း စသည့်လက္ခဏာများခံစားရသဖြင့် လူကို ကသိကအောက်ဖြစ်စေပါသည်။ အခြေအနေပြင်းထန်ပါက မျက်ခွံ၏အတွင်းပိုင်း မျက်မြေးတွင် အဖုကလေးများ ထွက်ပေါ်လာတတ်၍ လုံးဝမပေါ့ဆသင့်"

"တို့ရွာ၊ တို့မိသားစု၊ တို့အာရှဒေသ" စာအုပ် ထုတ်ဝေဖြန့်ချိ

အာရှနှင့် ပစိဖိတ်ဒေသအတွင်း နေထိုင်ကြသည့် လူပုဂ္ဂိုလ်များအကြား ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်စေရေးနှင့် ယဉ်ကျေးမှုများ အပြန်အလှန် နားလည်စေရေး ရည်ရွယ်ချက်ဖြင့် အာရှနှင့်ပစိဖိတ်ဒေသ ယဉ်ကျေးမှုဌာန ယူနက်စကို (ACCU) တိုကျို၊ ဂျပန်နိုင်ငံက ဒေသတွင်းရှိ အဖွဲ့ဝင်နိုင်ငံများနှင့် ယူနက်စကိုတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကလေးလူငယ် စာစဉ်များကို ထုတ်ဝေခဲ့ပါသည်။ အဆိုပါစာစဉ်များအနက် အာရှနိုင်ငံ ၁၅ နိုင်ငံမှ ကျေးလက်နေမိသားစုများ၏ လူနေမှုဘဝကို ထင်ဟပ်ရေးသားထားသည့် ကလေးရုပ်ပြစာအုပ် "My Village, My Family, My Asia" ကို စာပေဗိမာန်၊ ဘာသာပြန်ဌာန စာတည်းများက မြန်မာဘာသာသို့ ဘာသာပြန်ဆို၍ "တို့ရွာ၊ တို့မိသားစု၊ တို့အာရှဒေသ" အမည်ဖြင့် ထုတ်ဝေလိုက်ပါသည်။

"တို့ရွာ၊ တို့မိသားစု၊ တို့အာရှဒေသ" စာအုပ်သည် အာရှဒေသ နိုင်ငံ ၁၅ နိုင်ငံမှ ကျေးလက်ဒေသတွင်နေထိုင်ကြသော လူငယ်စာဖတ်ပရိသတ်များ၏ ကျေးလက်ဓလေ့၊ ကျေးလက်ဘဝအကြောင်းကို မိသားစုများ၏ လုပ်ငန်းခွင်ဝင်ကြပုံ၊ ကလေးများ ကျောင်းသွားကြပုံ၊ အတူတကွ နေထိုင်စားသောက်ကြပုံ စသည့် လူနေမှုပုံစံများဖြင့် စိတ်ဝင်စားဖွယ်တင်ပြထားသည်။ လူ့အဖွဲ့အစည်းအတွင်း နေထိုင်ကြသည့် မိသားစုများ၏ ချစ်ခြင်းမေတ္တာနှင့် ယုံကြည်မှုများကို အချင်းချင်း မျှဝေပြီး အတူတကွ ပျော်ရွှင်စွာနေထိုင်ကြပုံကို သရုပ်ဖော်ထားသည့် ကလေးရုပ်ပြစာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

ဤစာအုပ်ကို ကျောင်းစာကြည့်တိုက် သို့မဟုတ် အိမ်များတွင် ထားရှိ၍ ဆရာ၊ ဆရာမများ၊ လူကြီးမိဘများက အာရှဒေသလူနေမှုပုံစံများကို ကလေးလူငယ်များ နားလည်စေရေးအတွက် အသုံးပြုနိုင်ရန် ရည်ရွယ်ပါသည်။

"တို့ရွာ၊ တို့မိသားစု၊ တို့အာရှဒေသ" စာအုပ်ကို ကြွေစက္ကူ ရောင်စုံပုံများနှင့် ပုံနှိပ်ထားပြီး တန်ဖိုးကျပ် ၃၀၀၀ ဖြင့် ရန်ကုန်၊ အမှတ် ၅၂၉- ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)၊ အမှတ်(တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆)တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

သတင်းစဉ်

မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ သူနာပြုအကူ(ပြင်ပ) သင်တန်းဆင်းပွဲ ပြုလုပ်

နေပြည်တော် အောက်တိုဘာ ၂၃

မွန်ပြည်နယ် မော်လမြိုင်မြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးနှင့် ခုတင်(၂၀၀)ဆံ့ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးတို့၌ ဖွင့်လှစ်သင်ကြားသည့် သူနာပြုအကူ(ပြင်ပ) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီးရှိ အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းဆင်း အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က သင်တန်း၌ ထူးချွန်ဆုရရှိကြသည့် သင်တန်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

MFF ဖူဆယ်လိဂ်-၂ ခြေစစ်ပွဲ ပြီးဆုံးခဲ့ပြီး ခြေစစ်ပွဲအောင်အသင်းများ ထွက်ပေါ်

ရန်ကုန် အောက်တိုဘာ ၂၃

MFF ဖူဆယ်လိဂ်-၂ ခြေစစ်ပွဲကို အောက်တိုဘာ ၂၀ ရက်မှ ၂၂ ရက်အထိ ရန်ကုန်မြို့ သုဝဏ္ဏကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပခဲ့ပြီး ခြေစစ်ပွဲအောင်အသင်းများ ထွက်ပေါ်လာပြီဖြစ်သည်။

သုံးရက်ကြာကျင်းပသည့် ခြေစစ်ပွဲတွင် သုံးသင်း၊ သုံးအုပ်စုခွဲ၍ ကျင်းပခဲ့ပြီး ခြေစစ်ပွဲအောင် ရှစ်သင်း ထွက်ပေါ်လာပြီဖြစ်သည်။ အောက်တိုဘာ ၂၀ ရက်က ကျင်းပသည့် ပထမနေ့တွင် Black Cross အသင်းက Seven အသင်းကို ငါးဂိုး-လေးဂိုး၊ SGF အသင်းက စီးတီးဒဂုံအသင်းကို လေးဂိုး-တစ်ဂိုး၊ ရန်ကုန်ရှိုင်ရယ်ဂရုအသင်းက KKY အသင်းကို လေးဂိုး-ဂိုးမရှိ၊ အောက်တိုဘာ ၂၁ ရက်က ကျင်းပသည့် ဒုတိယနေ့တွင် Black Cross အသင်းက Noka အသင်းကို ၁၀ ဂိုး-လေးဂိုး၊ Sun Far အသင်းက စီးတီးဒဂုံအသင်းကို ၁၁ ဂိုး-ငါးဂိုး၊ KKY အသင်းက မာယာအသင်းကို ခုနစ်ဂိုး-တစ်ဂိုး၊ အောက်တိုဘာ ၂၂ ရက်က ကျင်းပသည့် တတိယနေ့တွင် Seven အသင်းက Noka အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ရန်ကုန်ရှိုင်ရယ်ဂရုအသင်းက မာယာအသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရပြီး SGF အသင်းနှင့် Sun Far အသင်း နှစ်ဂိုးစီ သရေကျခဲ့သည်။

ခြေစစ်ပွဲအပြီးတွင် အုပ်စု(က)၌ Black Cross အသင်းက (၆) မှတ်ဖြင့် အုပ်စုပထမ၊ Seven အသင်းက သုံးမှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု(ခ)၌ Sun Far အသင်းက လေးမှတ်ဖြင့် အုပ်စုပထမ၊ SGF အသင်းက လေးမှတ်ဖြင့် အုပ်စု ဒုတိယ၊ အုပ်စု(ဂ)၌ ရန်ကုန်ရှိုင်ရယ် ဂရုအသင်းက ခြောက်မှတ်ဖြင့် အုပ်စု ပထမ၊ KKY အသင်းက သုံးမှတ်ဖြင့် အုပ်စု ဒုတိယရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ အုပ်စုတတိယ နေရာရရှိသည့် သုံးသင်းစလုံးမှာ နှစ်ပွဲစလုံး အရေးနိမ့်ကာ ရမှတ်မရရှိသော်လည်း ဂိုးကွာခြားချက်၊ သွင်းဂိုး၊ ပေးဂိုးအပေါ် မူတည်၍ အကောင်းဆုံး နှစ်သင်းရွေးချယ်ရာ အုပ်စု(က)မှ Noka အသင်းနှင့် အုပ်စု(ဂ)မှ မာယာအသင်းတို့ ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး အုပ်စု(ခ)မှ စီးတီးဒဂုံအသင်း မှာမူ ခြေစစ်ပွဲအဆင့်ဖြင့် ကျေနပ်ခဲ့ရသည်။ လာမည့်ရာသီ ဖူဆယ်လိဂ်-၂ ပြိုင်ပွဲကို အသင်း ၁၂ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။

သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - MFF

ရွှေပညာဒါန(အခမဲ့) အသိပညာပေးသင်တန်း အမှတ်စဉ်(၂၉)သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ ရွှေပညာဒါန(အခမဲ့) ရွှေသင်တန်းအသိပညာပေးသင်တန်း အမှတ်စဉ်(၂၉)ဆင်းပွဲအခမ်းအနားကို ယနေ့တွင် အသင်းရုံးတည်ရှိရာ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းနာယက ဦးဆန်းလွင်က အမှာစကား ပြောကြားသည်။ ထို့နောက် အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့်ရွှေပညာဒါန(အခမဲ့)ရွှေအသိပညာပေး သင်တန်းအောင်မြင်စွာ ပြီးမြောက်ရေးအတွက် ပံ့ပိုးကူညီသည့် ကျွမ်းကျင်ပညာရှင်သင်တန်းဆရာ ဆရာမများအား အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။ ထို့နောက်အသင်းနာယက ဦးဆန်းလွင်၊ ဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် အမှုဆောင်များ၊ သင်တန်းဆရာ ဆရာမများက သင်တန်းသား သင်တန်းသူ ၁၀၀ တို့ကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြကြောင်း သိရသည်။

ရွှေပညာဒါန(အခမဲ့) ရွှေအသိပညာပေးသင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်ခဲ့သည်။ သင်တန်းတွင် ရွှေတူးဖော်ခြင်းဘာသာရပ်ကို အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်(သိန်းသန်းစိန်ရွှေရတနာဆိုင်)နှင့် ဆရာဦးတင်နိုင်ထွန်း (ဘူမိဗေဒပညာရှင်)၊ ရွှေသန့်စင်ခြင်းကို အထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့်နှင့် ဆရာမ ဒေါ်သော်တာသန်း (BT ဘသန်းရွှေသန့်စင်လုပ်ငန်း)၊ ရွှေအပေါင်ခံခြင်းကို အမှုဆောင်ဦးအေးချို၊ ရွှေပန်းထိမ်ဘာသာရပ်ကို တာလီစိန်ရွှေရတနာဆိုင်မှ ဆရာ ဦးတင်မောင်စိုး၊ ရွှေဒင်္ဂါး ငွေဒင်္ဂါးအကြောင်းကို ဦးမောင်သန်း (ရွှေဟသ်ာရွှေဆိုင်)၊ အသုံးချရွှေပညာကို ဆရာဦးအောင်ဆန်း (ဦးရဲမာန်အောင်)၊ ရွှေဆိုင်ဖွင့်လှစ်ခြင်းဘာသာရပ်ကို ဆရာမဒေါ်သီရိဆွေ(ဝိန့်စိန်စိန်ရွှေရတနာရွှေဆိုင်)၊ ရွှေဆိုင်ဖွင့်ရန် အခြေခံတွက်ချက်နည်းကို ဆရာဦးအေးမင်းကျော်(သိန်းသန်းစိန်ရွှေရတနာဆိုင်)၊ ကျောက်မျက်ပညာကိုကျောက်မျက်လုပ်ငန်းမှဦးတော်မီသိန်းနှင့်ဦးမောင်မောင်ဆန်းတို့က သင်ကြားပို့ချခဲ့ကြသည်။ အကြိမ်(၃၀)မြောက် ရွှေပညာဒါန(အခမဲ့) ရွှေသင်တန်းအား နိုဝင်ဘာလတွင် ဆက်လက်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

မျိုးမင်းသူရ

အားကောင်းသောမုန်တိုင်းငယ် အခြေအနေ

နေပြည်တော် အောက်တိုဘာ ၂၃

ယနေ့ညနေ ၅ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသောမုန်တိုင်းငယ်သည် မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ဟိုင်းကြီးကျွန်းမြို့၏ အနောက်-အနောက်မြောက်ဘက် ရေမိုင် ၄၂၅ မိုင်ခန့်၊ သံတွဲမြို့၏ အနောက်ဘက် ရေမိုင် ၄၁၀ ခန့်၊ စစ်တွေမြို့၏ အနောက်-အနောက် တောင်ဘက် ရေမိုင် ၃၅၀ ခန့်၊ အိန္ဒိယနိုင်ငံ ပါရာဒစ်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၁၅၀ ခန့်၊ ဒီဂါမြို့၏ တောင်ဘက် ရေမိုင် ၂၂၅ မိုင်ခန့်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ခီပူပါရာမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၃၀၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိ အခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေ မရှိပါသဖြင့် အဝါရောင် အဆင့်ဟု သတ်မှတ်သည်။

အားကောင်းသောမုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် ယနေ့ညနေ ၅ နာရီခွဲတွင် မြောက်လတ္တီတွဒ် ၁၇ ဒသမ ၉ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၈၇ ဒသမ ၂ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၁ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ နှုန်းခန့် ဖြစ်သည်။

နောက်နာရီ(၆၀)အတွင်းခန့်မှန်းချက်

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ခြောက်နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ပိုမိုအားကောင်းလာနိုင်ကာ အောက်တိုဘာ ၂၅ ရက် ညနေပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေကို ခီပူပါရာမြို့နှင့် စစ်တကောင်းမြို့တို့ကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

သတိပေးနှိုးဆော်ချက်

အားကောင်းသောမုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ညမှ အောက်တိုဘာ ၂၅ ရက်အတွင်း ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြားနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ အားကောင်းသောမုန်တိုင်းငယ်၏ အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြု နေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေးနှင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

ဈေးကောင်းရရှိနေပြီး ဈေးကွက်ကောင်းနိုင်သည့် ထောပတ်သီး

တောင်ကြီး အောက်တိုဘာ ၂၃

ရှမ်းပြည်နယ်၌ ယခုနှစ် ထောပတ်သီးရာသီအစတွင် ထောပတ်သီးဈေးကွက်မှာ ယခင်နှစ်ရာသီထက် ဈေးကောင်းရရှိနေပြီး ဈေးကွက်ကောင်းနိုင်ကြောင်း မြန်မာနိုင်ငံ ထောပတ်သီးတင်ပို့ရောင်းချသူများအသင်းမှသိရသည်။ ထောပတ်သီးနံ့မှာ နှစ်ရှည်သီးနှံဖြစ်၍ စတင်စိုက်ပျိုးပြီး သုံးနှစ်အကြာတွင် အသီးများ စတင်သီးကြောင်း၊ ထောပတ်သီးကို ရှမ်းပြည်နယ်(တောင်ပိုင်း/မြောက်ပိုင်း) နှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်တွင် အများဆုံးစိုက်ပျိုးကြကြောင်း၊ လက်ရှိဈေးကွက်အစတွင် ထောပတ်သီး တစ်ကီလိုလျှင် ကြမ်းခင်းဈေး ကျပ် ၃၅၀၀ ရှိပြီး ယခင်နှစ်က တစ်ကီလိုလျှင် ကျပ် ၂၅၀၀ သာရှိခဲ့သောကြောင့် ယခင်နှစ် ထောပတ်သီးရာသီအစနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းမြင့်တက်လာကြောင်း သိရသည်။

ထောပတ်သီးရာသီအစတွင် ကြမ်းခင်းဈေးအနေဖြင့် တစ်ကီလိုလျှင် ကျပ် ၃၅၀၀ ရှိသည့်အတွက် နောက်ပိုင်းတွင် ကြမ်းခင်းဈေးထက် မနည်းနိုင်ကြောင်း၊ သီးနှံအရည်အသွေးကောင်းပါက တစ်ကီလိုလျှင် ကျပ် ၆၀၀၀/၇၀၀၀ ဈေးနှုန်းအထိ ဖြစ်နိုင်ကြောင်း၊ ထောပတ်သီး Hass မျိုးများမှာ အချို့ဒေသများတွင် စတင်ဆွတ်ခူးနေကြပြီး များသောအားဖြင့် မခူးဆွတ်နိုင်ကြသေးကြောင်း၊ ကမ်းလှမ်းချက်အတော်များများရှိနေသည့်အတွက် ဝယ်လိုအားများနိုင်သည်ဟု သုံးသပ်ကြကြောင်း၊ လက်ရှိအချိန်တွင် ပြည်ပတင်ပို့နိုင်မည့် Hass အမျိုးအစားမှာ ရင့်မှည့်ရန်လိုအပ်သေးသည့်အတွက် အောက်တိုဘာလကုန်မှသာလျှင် ဈေးကွက်သို့ ဝင်ရောက်နိုင်မည်ဖြစ်ကြောင်း၊ ယခုနှစ် ထောပတ်သီးရာသီတွင် ထိုင်းနိုင်ငံမှ ကမ်းလှမ်းထားသည့်အတွက် ထိုင်းနိုင်ငံသို့အဓိကထား တင်ပို့သွားမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ထောပတ်သီးဈေးကွက် ရေရှည်ခိုင်မြဲရန်၊ ထောပတ်သီးများကို ပြည်ပဈေးကွက်အပြင် ပြည်တွင်းဈေးကွက်အတွင်းပါ ဈေးကွက်ရရှိရေးအတွက် ပြည်တွင်း၌ ဖြန့်ဖြူးခြင်းနှင့် အရောင်းမြှင့်တင်ခြင်းများလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

စစ်တွေကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

စစ်တွေ အောက်တိုဘာ ၂၃

စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၄ ရက်မှ ၂၀ ရက်အထိ အကောက်ခွန်ဦးစီးဌာန၏ အမှန်တင်ပို့/တင်သွင်းစာရင်းများအရ ပို့ကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၅၇၀၄ သန်းဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၇၀၄ သန်း ဆောင်ရွက်နိုင်မှုရှိကြောင်း သိရသည်။

တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများအနေဖြင့် မန်ကျည်းစေ့ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ နှုန်းဖြင့် ၁၀၉ တန်၊ ဆီးဖတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၁၅ နှုန်းဖြင့် ၅၈ တန်၊ အုန်းသီးခြောက်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၀၀ နှုန်းဖြင့် ၆၈ တန်၊ ကွမ်းသီး တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၃၂၁ နှုန်းဖြင့် ၁၇ တန်၊ ငါးမြစ်ချင်း (၁-၂) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၅၀ နှုန်းဖြင့် ၁၄၆ ဒသမ ၇၅၂ တန်၊ ငါးမြစ်ချင်း(၂-၃) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၈၀ နှုန်းဖြင့် ၁၄၆ ဒသမ ၀၁၆ တန်၊ ငါးမြစ်ချင်း (၃-၅) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၃၂၀ နှုန်းဖြင့် ၇၂ ဒသမ ၀၈ တန်၊ ငါးသိုင်းခေါင်းပွ (၅-၈) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၆၀ နှုန်းဖြင့် ၁၁ ဒသမ ၈၀၈ တန်နှင့် ငါးသိုင်းခေါင်းပွ (၈ ကီလိုအထက်) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၄၀၀ နှုန်းဖြင့် ၈ ဒသမ ၃၀၄ တန်နှင့် ဆီးယိုထုပ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၅၀ နှုန်းဖြင့် လေးတန် တင်ပို့နိုင်ခဲ့သည်။

မြိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

မြိတ် အောက်တိုဘာ ၂၃

မြိတ်ကုန်သွယ်ရေးစခန်းမှ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၈ ရက်မှ ၂၂ ရက်အတွင်း ပို့ကုန်တင်ပို့မှု ငါးမှုန့်တစ်တန်လျှင် ၈၈၇ ဒေါ်လာနှုန်းဖြင့် တန် ၇၂၀ (တန်ဖိုး သုည ဒသမ ၆၃၉ ဒေါ်လာ သန်း)၊ ငါးကြိတ်သားတစ်တန်လျှင် ၁၇၉၄ ဒေါ်လာနှုန်းဖြင့် ၁၄ ဒသမ ၄ တန် (တန်ဖိုး သုည ဒသမ ၀၂၆ ဒေါ်လာသန်း)အား အကောက်ခွန် သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် Form D အကျိုးခံစားခွင့်လျှောက်ထားရယူ၍ ထိုင်းနိုင်ငံသို့ တင်ပို့နိုင်ခဲ့သည်။

မြိတ်ကုန်သွယ်ရေးစခန်းမှ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၈ ရက်မှ ၂၂ ရက်အတွင်း သွင်းကုန်တင်သွင်းမှု ဒီဇယ်ဆီတစ်တန်လျှင် ၁၀၁၉ ဒေါ်လာ နှုန်းဖြင့် တန် ၁၀၀ (တန်ဖိုး သုည ဒသမ ၁၀၂ ဒေါ်လာသန်း) တင်သွင်းခဲ့သည်။

မြိတ်ဒေသတွင် ဓာတ်ဆီတစ်လီတာ ကျပ် ၃၀၀၀ နှင့် ဒီဇယ်တစ်လီတာ ၃၀၄၅ ကျပ်ဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

မြိတ်ဒေသ၌ ကျပ်/ဘတ်ငွေလဲနှုန်းမှာ တစ်ဘတ်လျှင် ၉၁ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကသာမြို့မှ ဆောင်းပုရစ်များ မြို့နယ်အသီးသီးသို့ တင်ပို့လျက်ရှိ

ကသာ အောက်တိုဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်အတွင်းရှိ မြေနုကျွန်းများရှိသော ကျေးရွာများမှ ဆောင်းပုရစ်များ ပုရစ်ဒိုင်များသို့ အောက်တိုဘာလမှစ၍ ဝင်ရောက်လျက်ရှိကြောင်း၊ နှစ်စဉ် အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် ပုရစ်များပေါ်ပြီး ဈေးနှုန်းအနေဖြင့် ပုရစ်အကောင် တစ်ရာလျှင် ငွေကျပ် ၈၀၀၀ ဖြင့် ဒိုင်မှဝယ်ယူလျက်ရှိရာ ဈေးကြီးများတွင် ပုရစ်အမ အကောင်ရေ တစ်ရာလျှင် ကျပ် ၁၂၀၀၀၊ အထီး/အမအရော အကောင် တစ်ရာလျှင် ကျပ် ၉၀၀၀ ဖြင့် ရောင်းချရကြောင်း၊ ပုရစ်ပေါ်စအချိန်တွင် ကျေးလက်နေပြည်သူများသည် ပုရစ်များဖမ်း၍ ပုရစ်ဒိုင်သို့ တင်သွင်းလျက်ရှိရာ ဈေးကောင်းရသည့်အတွက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကသာမြို့ ပုရစ်အဝယ်ဒိုင်သို့ အောက်တိုဘာလ (တတိယပတ်)တွင် ပုရစ်အကောင်ရေ ၅၀၀၀၀ ကျော်မှ ၈၀၀၀၀ ခန့်အထိ ဝင်ရောက်လျက်ရှိပြီး ပုရစ်များမှာ ကြာရှည်အထားမခံသောကြောင့် ရေနှင့်ပြုတ်ပြီး ရေခဲရိုက်၍သော်လည်းကောင်း၊ သန့်စင်ပြီးပုရစ်များကို အကြွပ်ကြော်ကာ ပလတ်စတစ်အိတ်/ဘူးများဖြင့် ထုပ်ပိုး၍သော်လည်းကောင်း မြို့နယ်အတွင်းနှင့် ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ ရွှေဘို၊ မုံရွာ စသည့်ဒေသများသို့ တင်ပို့ရောင်းချကြကြောင်း ပုရစ်အဝယ်ဒိုင်ထံမှ သိရသည်။

၂၃-၁၀-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

စဉ်	မြို့အမည်	ဆန်(တစ်ပြည်)			ဆီ(တစ်ပိဿာ)		စားဖိုဆောင်သုံး (တစ်ပိဿာ)												အသား၊ ငါး(တစ်ပိဿာ)				
		ဧည့်မထ	ငစိန်	ပေါ်ဆန်း	ပဲဆီ	စားအုန်းဆီ	ငရုတ်ခြောက်	ကြက်သွန်နီ	ကြက်သွန်ဖြူ(ရှမ်းစ)	ကြက်သွန်ဖြူ(ကြူကုတ်)	နနွင်းတက်	ချင်း	ဆား	မြေပဲ	ကုလားပဲဝါ	မန်ကျည်းသီး	အာလူး	သကြား	ကြက်	ဝက်	အမဲ	ဆိတ်	ငါးမြစ်ချင်း
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃	၁၄	၁၅	၁၆	၁၇	၁၈	၁၉	၂၀	၂၁	၂၂	၂၃	၂၄
၁	မြစ်ကြီးနား	၃၂၀၀		၆၀၀၀	၁၆၀၀၀	၅၁၀၀	၁၆၀၀၀	၃၅၀၀	၁၁၀၀၀	၈၅၀၀	၅၀၀၀	၇၀၀၀	၁၀၀၀	၉၀၀၀	၇၀၀၀	၄၀၀၀	၃၀၀၀	၄၀၀၀	၁၂၀၀၀	၂၂၀၀၀	၁၈၀၀၀	၂၆၀၀၀	၁၅၀၀၀
၂	လားရှိုး	၃၃၅၀		၆၅၀၀	၁၆၅၀၀	၅၀၀၀	၂၀၀၀၀	၃၆၀၀	၉၀၀၀	၈၀၀၀	၆၀၀၀	၄၀၀၀	၁၀၀၀	၈၀၀၀	၆၅၀၀	၄၀၀၀	၂၅၀၀	၄၀၀၀	၁၂၀၀၀	၂၂၀၀၀	၂၀၀၀၀	၃၀၀၀၀	၁၄၀၀၀
၃	ကျိုင်းတုံ	၃၉၅၀		၆၅၀၀	၁၆၀၀၀	-	၁၈၀၀၀	၄၀၀၀	၁၀၀၀၀	၉၀၀၀	၄၀၀၀	၅၀၀၀	၁၀၀၀	၈၀၀၀	၇၀၀၀	၄၀၀၀	၃၃၀၀	၄၀၀၀	၁၄၀၀၀	၂၀၀၀၀	၂၄၀၀၀		၁၆၀၀၀
၄	တောင်ကြီး	၃၀၀၀	၂၇၅၀	၆၄၀၀	၁၆၅၀၀	၅၀၀၀	၂၀၀၀၀	၃၆၀၀	၁၀၀၀၀	၉၅၀၀	၅၅၀၀	၅၀၀၀	၆၀၀	၈၅၀၀	၆၅၀၀	၄၀၀၀	၂၈၀၀	၃၇၀၀	၁၀၀၀၀	၂၀၀၀၀	၁၆၀၀၀	၂၅၀၀၀	၁၃၀၀၀
၅	လှိုင်ကော်	၃၇၀၀	၂၇၀၀	၆၅၀၀	၁၆၀၀၀	၄၈၀၀	၂၀၀၀၀	၃၄၀၀	၁၀၀၀၀	၈၅၀၀	၅၅၀၀	၅၀၀၀	၆၀၀	၉၀၀၀	၆၄၀၀	၃၅၀၀	၂၇၀၀	၄၀၀၀	၁၄၀၀၀	၁၇၀၀၀	၁၅၀၀၀	၂၅၀၀၀	၁၂၀၀၀
၆	ဘားအံ	၂၉၀၀		၄၈၀၀	၁၆၀၀၀	-	၁၄၀၀၀	၃၃၀၀	၁၀၀၀၀	၈၅၀၀	၆၈၀၀	၅၀၀၀	၈၀၀	၁၀၀၀၀	၆၅၀၀	၃၀၀၀	၂၃၀၀	၃၈၀၀	၁၀၅၀၀	၁၅၀၀၀	၁၅၀၀၀	၁၈၀၀၀	၈၀၀၀
၇	မော်လမြိုင်	၃၁၅၀		၄၄၀၀	၁၆၀၀၀	-	၁၄၀၀၀	၃၃၀၀	၁၂၀၀၀	၁၀၀၀၀	၈၀၀၀	၆၀၀၀	၈၀၀	၁၂၀၀၀	၇၀၀၀	၅၀၀၀	၂၃၀၀	၄၂၀၀	၁၀၀၀၀	၁၆၀၀၀	၁၇၀၀၀	၃၀၀၀၀	၁၂၀၀၀
၈	ထားဝယ်	၃၈၅၀		၅၉၀၀	၁၇၀၀၀	၅၀၅၀	၁၄၀၀၀	၃၆၀၀	၁၀၅၀၀	၉၀၀၀		၇၀၀၀	၈၀၀	၇၉၀၀	၆၀၀၀	၄၀၀၀	၂၈၀၀	၄၂၀၀	၁၂၅၀၀	၁၅၀၀၀	၁၈၀၀၀	၂၄၀၀၀	
၉	မြိတ်	၃၂၀၀		၄၆၅၀	၁၆၀၀၀	၅၀၅၀	၁၅၀၀၀	၃၆၀၀	၉၅၀၀	၈၅၀၀	၆၃၀၀	၈၃၀၀	၈၀၀	၉၀၀၀	၆၅၀၀	၃၅၀၀	၃၀၀၀	၄၂၀၀	၁၂၅၀၀	၁၆၀၀၀	၁၈၀၀၀	၂၃၀၀၀	
၁၀	ရန်ကုန်	၂၈၀၀		၄၅၀၀	၁၆၀၀၀	၄၅၀၀	၁၈၀၀၀	၃၆၀၀	၁၁၀၀၀	၉၀၀၀	၁၀၀၀၀	၈၀၀၀	၆၀၀	၇၅၀၀	၆၅၀၀	၃၅၀၀	၂၈၀၀	၄၂၀၀	၁၂၀၀၀	၁၇၀၀၀	၁၉၀၀၀	၂၀၀၀၀	၁၂၀၀၀
၁၁	ပုသိမ်	၂၉၀၀		၄၀၅၀	၁၅၀၀၀	၄၇၀၀	၁၇၀၀၀	၃၂၀၀	၉၅၀၀	၇၈၀၀	၅၀၀၀	၈၀၀၀	၃၀၀	၆၅၀၀	၆၀၀၀	၄၅၀၀	၂၈၀၀	၃၇၀၀	၈၀၀၀	၁၆၀၀၀	၁၆၀၀၀	၂၅၀၀၀	၈၅၀၀
၁၂	စစ်တွေ	၃၂၀၀	၃၀၀၀	၄၅၀၀	၁၆၀၀၀	-	၁၈၀၀၀	၃၃၀၀	၉၅၀၀	၉၀၀၀	၆၅၀၀	၆၅၀၀	၆၀၀	၉၀၀၀	၆၅၀၀	၃၀၀၀	၃၅၀၀	၄၂၀၀	၁၁၀၀၀	၂၂၀၀၀	၂၆၀၀၀	၂၆၀၀၀	
၁၃	ဟားခါး	၇၀၀၀			၁၈၅၀၀		၄၅၀၀၀	၃၇၅၀	၁၄၀၀၀			၄၀၀၀	၁၂၀၀		၈၇၀၀		၄၀၀၀	၆၀၀၀	၁၇၀၀၀	၂၀၀၀၀	၂၀၀၀၀		၁၅၀၀၀
၁၄	မုံရွာ	၄၈၀၀		၅၄၀၀	၁၂၅၀၀	၄၉၀၀	၁၇၀၀၀	၂၅၀၀	၉၀၀၀	၉၀၀၀	၁၀၀၀၀	၃၅၀၀	၇၀၀	၇၂၀၀	၈၀၀၀	၃၈၀၀	၂၄၀၀	၄၂၀၀	၈၀၀၀	၁၉၀၀၀	၁၃၀၀၀	၂၂၀၀၀	၁၂၀၀၀
၁၅	မန္တလေး	၃၅၀၀		၅၇၀၀	၁၅၀၀၀	၄၉၅၀	၁၅၀၀၀	၃၁၀၀	၁၂၀၀၀	၈၀၀၀	၆၅၀၀	၆၅၀၀	၈၀၀	၈၀၀၀	၆၃၀၀	၅၀၀၀	၂၅၀၀	၄၀၀၀	၁၀၀၀၀	၁၇၀၀၀	၁၈၀၀၀	၂၄၀၀၀	၁၃၀၀၀
၁၆	ပခုက္ကူ	၃၈၀၀		၅၈၀၀	၁၂၅၀၀	၅၀၀၀	၁၇၀၀၀	၃၂၀၀	၁၀၀၀၀	၈၅၀၀	၈၅၀၀	၄၀၀၀	၆၅၀	၇၅၀၀	၇၇၀၀	၃၀၀၀	၂၂၀၀	၄၀၀၀	၁၂၀၀၀	၁၈၀၀၀	၁၇၀၀၀	၂၀၀၀၀	၇၅၀၀
၁၇	မကွေး	၃၇၀၀		၆၀၀၀	၁၄၀၀၀	၄၉၀၀	၁၄၀၀၀	၃၃၀၀	၈၀၀၀	၉၅၀၀	၇၀၀၀	၆၅၀၀	၈၀၀	၆၀၀၀	၆၅၀၀	၃၂၀၀	၂၆၀၀	၃၈၀၀	၁၂၀၀၀	၁၄၀၀၀	၁၄၀၀၀	၁၆၀၀၀	၁၄၀၀၀
၁၈	ပြည်	၃၀၀၀		၅၄၀၀	၁၃၅၀၀	၅၁၀၀	၁၈၀၀၀	၃၂၀၀	၁၁၀၀၀	၈၅၀၀		၆၅၀၀	၆၀၀	၇၀၀၀	၆၅၀၀	၄၀၀၀	၂၈၀၀	၃၈၀၀	၁၀၀၀၀	၁၈၀၀၀	၁၅၀၀၀	၂၅၀၀၀	၁၂၀၀၀
၁၉	ပဲခူး	၃၂၀၀		၅၂၀၀	၁၆၀၀၀	၅၀၀၀	၁၈၀၀၀	၃၃၀၀	၁၀၀၀၀	၈၅၀၀		၇၀၀၀	၄၅၀	၈၅၀၀	၆၅၀၀	၃၈၀၀	၂၈၀၀	၄၁၀၀	၁၀၀၀၀	၁၆၀၀၀	၁၅၀၀၀	၂၃၀၀၀	၉၀၀၀
၂၀	ပျဉ်းမနား	၃၅၀၀		၆၅၀၀	၁၅၀၀၀	၅၃၀၀	၁၄၀၀၀	၃၂၀၀	၁၀၅၀၀	၈၈၀၀	၆၀၀၀	၅၆၀၀	၅၀၀	၇၀၀၀	၆၂၀၀	၄၀၀၀	၂၅၀၀	၄၂၀၀	၁၂၀၀၀	၁၄၀၀၀	၁၄၀၀၀	၂၄၀၀၀	၁၁၀၀၀
၂၁	နေပြည်တော်	၃၅၀၀		၆၅၀၀	၁၅၀၀၀	၅၅၀၀	၁၅၀၀၀	၃၄၀၀	၁၂၀၀၀	၈၈၀၀	၆၂၀၀	၆၀၀၀	၅၀၀	၇၂၀၀	၆၂၀၀	၄၂၀၀	၂၈၀၀	၄၂၀၀	၁၂၀၀၀	၁၆၀၀၀	၁၄၀၀၀	၂၄၀၀၀	၁၂၀၀၀
၂၂	ကလေး	၄၈၀၀	၄၄၀၀		၁၅၀၀၀	၁၀၀၀၀	၂၂၀၀၀	၃၅၀၀		၁၀၀၀၀	၄၅၀၀	၆၀၀၀	၁၀၀၀	၉၅၀၀	၇၅၀၀	၄၀၀၀	၄၀၀၀	၅၀၀၀	၁၆၀၀၀	၂၀၀၀၀	၂၀၀၀၀		၁၂၀၀၀

မှတ်ချက်။ (၁) ပေါ်ဆန်း ဆန် တစ်ပြည်လျှင် လှိုင်ကော်တွင် ၂၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် မန္တလေးတွင် ၁၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် တောင်ကြီးတွင် ၁၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မြစ်ကြီးနားနှင့် ထားဝယ်တွင် ၁၀၀၀ကျပ်၊ ပဲခူးတွင် ၂၀၀ကျပ်၊ ကြက်သွန်ဖြူ(ကြူကုတ်) တစ်ပိဿာလျှင် ထားဝယ်တွင် ၁၀၀၀ကျပ်၊ ရန်ကုန်တွင် ၅၀၀ကျပ်၊ နနွင်းတက် တစ်ပိဿာလျှင် မုံရွာတွင် ၁၀၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် ဘားအံတွင် ၁၀၀၀ကျပ်၊ မြေပဲဆန် တစ်ပိဿာလျှင် မကွေးတွင် ၁၅၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် မန္တလေးတွင် ၁၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၁၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် တောင်ကြီးတွင် ၂၀၀ကျပ်၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် တောင်ကြီးတွင် ၁၀၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) ဧည့်မထဆန် တစ်ပြည်လျှင် မြစ်ကြီးနားတွင် ၆၀ကျပ်၊ ပေါ်ဆန်းဆန် တစ်ပြည်လျှင် ထားဝယ်တွင် ၅၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် မြစ်ကြီးနား၊ မုံရွာနှင့် ပြည်တွင် ၁၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် မြစ်ကြီးနားနှင့် မန္တလေးတွင် ၁၀၀၀ကျပ်၊ ကြက်သွန်ဖြူ (ရှမ်းစ) တစ်ပိဿာလျှင် ပျဉ်းမနားတွင် ၅၀၀ကျပ်၊ (ကြူကုတ်စ) နှင့် ချင်း တစ်ပိဿာလျှင် မြိတ်တွင် ၂၀၀ကျပ်၊ မြေပဲဆန် တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၁၀၀၀ကျပ်၊ ကျိုင်းတုံနှင့် တောင်ကြီးတွင် ၅၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် မြိတ်တွင် ၃၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် ဘားအံတွင် ၂၀၀ကျပ်၊ ကြက်သား တစ်ပိဿာလျှင် လားရှိုးတွင် ၁၀၀၀ကျပ် ဈေးကျခဲ့ပါသည်။

အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆)၊ မြေကွက်အမှတ် (၁၀၆)၊ တော်ဝင်လမ်းသွယ် ဟုခေါ်တွင်သော အကျယ်အဝန်း (၆၀ပေx ၆၀ပေ)၊ ဧရိယာ (၀.၀၈၂)ဧက၊ ၃၆၀၀ စတုရန်းပေရှိ ဒုပိုလ်မှူးကြီး ဝင်းမော် အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးထန်ရှင်းပြောင် [၄/တတန(နိုင်)၀၀၁၄၈၉]ထံမှ အရပ်ကတိစာချုပ်ဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းငွေ [၁၃/ကမန(နိုင်) ၀၈၃၂၄၃]မှ ဝယ်ယူပြီး အပြီးအပိုင်ငွေပေးချေပြီး လက်ရောက်ရရှိပြီးဖြစ်ပါသည်။ အထက်ပါ အိမ်မြေနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ တစ်ဦးတည်းသာပိုင်ဆိုင်ပါကြောင်းနှင့် အဆိုပါ အိမ်မြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများ ယူဆောင်လာ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သီရိလှိုင် LL.B, C.B.L, D.B.L,LQB(UK)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၂၆၀)
တိုက်အမှတ် (၂၁၆/ခ)၊ တတိယထပ်၊ (၂)လမ်း(နောက်)၊ ကွက်သစ်ရပ်ကွက်၊ အင်းစိန်မြို့နယ်။ ဖုန်း- ၀၉-၄၃၁၁၃၃၆၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တိုက်အမှတ်(၁၁)၂ခန်းတွဲ (၆)ထပ်တိုက်၏(၆)လွှာ(ခေါင်းရင်းခြမ်း)၊ အခန်းအမှတ်(အေ)၊ အကျယ်အဝန်း(၁၇ပေx၆၀ပေ)ခန့်ရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်းနှင့်ပက်သက်သည့်ရေ+မီးအပါအဝင်အကျိုးခံစားခွင့်အားလုံးတို့ကိုတရားဝင်ဝယ်ယူ၍လက်ဝယ်ထားရှိပိုင်ဆိုင်ကြောင်းဝန်ခံကတိပြုသူဦးမျိုးမင်းလတ်(၁၄/ပသန(နိုင်)၁၅၃၁၆၄)+၁တို့ထံမှကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေတချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါကဤကြော်ငြာစာထုတ်သည့်နေ့မှစ၍(၇)ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှုမရှိပါကဥပဒေနှင့်အညီဆက်လက် အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးအောင်ကျော်ထွန်း LL.B.,LL.M.
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၁၆၃)
တိုက်အမှတ်(၁၅၇/၁၆၉)၊ အခန်းအမှတ်-B-2ပထမထပ်၊ ၃၆လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၀၉-၄၀၈၁၈၅၅၉၉၉။

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ သိမ်ဖြူလမ်း အမှတ်(၄၃၈)၊ (၆)လွှာ/ပဉ္စမထပ်ရှိ အခန်း (A-တောင်ဘက်အခြမ်း)တိုက်ခန်းနှင့် အဆိုပါတိုက်ခန်းတည်ရှိရာ မြေတို့နှင့်ပတ်သက်၍ မောင်မျိုးလတ်[၁၂/မဂတ(နိုင်)၀၀၁၀၉၈]၊ မောင်ကျော်ကျော်[၁၂/မဂတ(နိုင်)၀၇၂၄၀၉]၊ မောင်ထိုက်ထွေး[၁၂/မဂတ(နိုင်)၁၀၁၇၂၆]တို့နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ သိမ်ဖြူလမ်း၊အမှတ်(၄၃၈)၊ (၆)လွှာ/ပဉ္စမထပ်ရှိ (A-တောင်ဘက်အခြမ်းအခန်း)တိုက်ခန်းနေ ဦးလှညွန့်ဦး[၁၂/မဂတ(နိုင်)၀၀၀၅၃၃]နှင့် ဒေါ်စုဝေမွန်[၁၂/မဂတ(နိုင်)၀၈၂၁၇၈]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ဖော်ပြပါအတိုင်း ကြေညာအပ်ပါသည်-

အထက်ဖော်ပြပါကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ဦးလှညွန့်ဦးနှင့် ဒေါ်စုဝေမွန်တို့သည် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁၁ G¹)၊ မြေကွက်အမှတ်(၁၅၉)၊ ပဉ္စမတန်းစား မြေအမျိုးအစား၊ အလျားx အနံ(ပေ၃၀xပေ၆၀)၊ နှစ်(၉၀)မြေငှားဂရန်မြေကွက်အနက်မှ ဦးစိုးမြင့် အမည်ပေါက်ပိုင်ဆိုင်သော မြေတစ်ဝက်ဖြစ်သည့် အလျားxအနံ(၁၅ပေxပေ၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ သိမ်ဖြူလမ်း၊ အမှတ်(၄၃၈)၊ (၆)လွှာ/ပဉ္စမထပ်(A-တောင်ဘက်အခြမ်း)ဟုခေါ်တွင်သည့် အလျားxအနံ (၁၅ပေx ပေ၆၀)အကျယ်ရှိ တိုက်ခန်းနှင့် အဆိုပါတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးစိုးမြင့်ထံမှ(၂၃-၆-၂၀၂၀)ရက် နေ့စွဲပါ "ဦးစိုးမြင့်ပိုင်ဆိုင်သော မြေတစ်ဝက်နှင့် ယင်းမြေပေါ်ရှိ (၆လွှာ) (A-တောင်ဘက်ခြမ်း)တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်"ဖြင့် ဝယ်ယူပိုင်ဆိုင်၍ လက်ရောက် ရရှိခဲ့ပြီးနောက် တရားလွှတ်တော်ရှေ့နေ ဒေါ်ကျော့ကျော့ဝေနှင့် ဒေါ်ယောမေရီတို့အား လွှဲအပ်ညွှန်ကြား၍(၁၄-၈-၂၀၂၀)ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် အဆိုပါလွှဲပြောင်းရောင်းချခြင်းကို အတည်ပြုရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာခဲ့ပြီးနောက် မည်သူမျှ ကန့်ကွက်အရေးဆိုခဲ့ခြင်းမရှိပါသဖြင့် အဆိုပါလွှဲပြောင်းရောင်းချခြင်းကို ဆက်လက်အတည်ပြုဆောင်ရွက်ပြီး အထက်ဖော်ပြပါ မြေနှင့်တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးလှညွန့်ဦးနှင့် ဒေါ်စုဝေမွန်တို့က လက်ရောက်ရယူပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြပါသည်။

ထိုသို့ အထက်ဖော်ပြပါ မြေနှင့်တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးလှညွန့်ဦးနှင့် ဒေါ်စုဝေမွန်တို့က အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးစိုးမြင့်ထံမှ ဝယ်ယူပိုင်ဆိုင်ပြီး လက်ရောက်ရယူအကျိုးခံစားရရှိပြီးနောက် ဦးစိုးမြင့်မှာ(၄-၉-၂၀၂၃)ရက်နေ့က ကွယ်လွန်သွားခဲ့ပြီး ဦးစိုးမြင့် ကွယ်လွန်ပြီးနောက်ပိုင်းတွင် မောင်မျိုးလတ်[၁၂/မဂတ(နိုင်)၀၀၁၀၉၈]၊ မောင်ကျော်ကျော်[၁၂/မဂတ(နိုင်)၀၇၂၄၀၉]၊ မောင်ထိုက်ထွေး[၁၂/မဂတ(နိုင်)၁၀၁၇၂၆]တို့က အထက်ဖော်ပြပါ မြေနှင့်တိုက်ခန်းတို့နှင့်ပတ်သက်၍ ကွယ်လွန်သူ ဦးစိုးမြင့် ကျန်ရစ်သော အမွေဆိုင်ပစ္စည်းဖြစ်ပြီး ဦးစိုးမြင့်၏ ညီရင်းဖြစ်သူ ဦးလှမြင့်(ကွယ်လွန်)၊ သားများဖြစ်ကြသည့် ကျွန်ုပ်၏မိတ်ဆွေ ဦးလှညွန့်ဦးနှင့် ၎င်းတို့(၃)ဦး မျက်နှာစုံညီ အတိအလင်း သဘောတူညီမှု မရှိဘဲ

တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ရန် တားမြစ်ကြောင်း တရားလွှတ်တော်ရှေ့နေ ဦးလှမောင်အား လွှဲအပ်ညွှန်ကြား၍ (၁၀-၁၀-၂၀၂၃)ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် အများသိစေရန် ကြေညာခြင်း ခေါင်းစီးဖြင့် ထည့်သွင်းကြေညာခဲ့ကြောင်း သိရှိရပါသည်။

